# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၆)


## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဩစတြေးလျနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၂၆**

၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့၌ ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဟိန်နှ(ဇ်)၊ ဖစ်ရှာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဩစတြီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၂၆**

၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့၌ ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဩစတြီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ ဝု(ဖ်)ဂန်၊ ရှူဆယ်(လ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ရခိုင်ပြည်နယ်၏ အစင်း(၃၀)မြောက် လုံးတော်ပေါက်တံတားကြီး

**အောက်တိုဘာ ၂၅ ရက်က ဖွင့်လှစ်လိုက်သော ရန်ကုန်–ကျောက်ဖြူကားလမ်းမကြီးပေါ်ရှိ ရခိုင်ပြည်နယ်၏ အစင်း(၃၀)မြောက် လုံးတော်ပေါက်တံတားကြီးကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။** (သတင်းစဉ်)



# လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာစေရန် အထူးအလေးထားဆောင်ရွက်နေ ရန်ကုန်–ကျောက်ဖြူလမ်းမကြီးပေါ်၌ အရေးပါသော လုံးတော်ပေါက်တံတားဖွင့်လှစ် ရခိုင်ပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ရန်ကုန်–ကျောက်ဖြူကားလမ်းမကြီးပေါ်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လုံးတော်ပေါက်တည်ဆောက်ရေးအဖွဲ့က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် လုံးတော်ပေါက်ချောင်းအား ဖြတ်ကျော်တည်ဆောက်ထားသော လုံးတော်ပေါက်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါတံတား၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်၍ အမှာစကားပြောကြားပြီး မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

26-10 (01).p65 1 25.03.1905, 10:49 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

# နိုင်ငံတော်နှင့် ပြည်သူများရှေ့ရေး မျှတစွာမျှော်တွေး ဥပဒေ၊ စည်းကမ်းနှင့်အညီ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်

တပ်မတော်အစိုးရသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ အစဉ်အမြဲထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဆောင်ရွက်ရာတွင် တပ်မတော်၏ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တစ်ရပ်လုံးကို စုပေါင်းခေါင်းဆောင်မှု၊ တစ်ဦးချင်းတာဝန်ယူမှုတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းကဲ့သို့ နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားပြည်သူများ ညီညီညွတ်ညွတ် ပူးပေါင်းအကောင်အထည်ဖော်နိုင်မှုကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများ သိသာမြန်ဆန်စွာ ဖြစ်ထွန်းလာသည်ကို မြင်တွေ့နေရသည်။

မျက်မှောက်ကာလ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ရပ်တည်လျက်ရှိသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် ခေတ်ပြောင်း၊ စနစ်ပြောင်းလုပ်ငန်းစဉ်ကို ဦးစီးတာဝန်ယူနေသော နိုင်ငံတော်အစိုးရက မွေးထုတ်ပေးလိုက်သည့် စီးပွားရေးအင်အားစုများပင် ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် အောက်တိုဘာလ ၂၄ရက်က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ကျင်းပသည့် ယနေ့နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ရှင်းလင်းပြောကြားရာ၌–

**“လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများကို အေးချမ်းလုံခြုံစွာ စိုးရိမ်ကြောင့်ကြမှုမရှိ ဆက်လက် ကြိုးစားလုပ်ကိုင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်၏ စေတနာနှင့် မွန်မြတ်သော ရည်မှန်းချက်များကို နားလည်သိရှိပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားဖွံ့ဖြိုးရေးတို့အတွက် စေတနာရှိရှိ၊ အသိတရားရှိရှိဖြင့် နိုင်ငံတော်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း”**

ရှင်းလင်း ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရ၏ မွန်မြတ်မှန်ကန်သော စောင့်ရှောက်မှု၊ လက်တွေ့ကျကျ အားပေးမှုများကြောင့် ယခုအခါ လယ်ယာလုပ်ငန်းရှင်၊ စက်မှုလုပ်ငန်းရှင်၊ ဟိုတယ်လုပ်ငန်းရှင်၊ ဘဏ်လုပ်ငန်းရှင်၊ သွင်းကုန်ထုတ်ကုန် လုပ်ငန်းရှင်၊ မွေးမြူရေးလုပ်ငန်းရှင်စသည့် စီးပွားရေးကဏ္ဍအလိုက် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များသည် မျက်မှောက်ကာလတွင် ကြီးပွားတိုးတက်ဖြစ်ထွန်းလာသည်ကို အထင်အရှားမြင်တွေ့နေရပေသည်။

စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်စီးပွားရေးစနစ်ပုံမှန် လည်ပတ်ဖွံ့ဖြိုးစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး မှန်မှန်ကန်ကန်၊ စည်းကမ်းရှိရှိ၊ အမြင်ကျယ်ကျယ်ဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ပေသည်။

လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် လုပ်ငန်းတိုးတက်မှုနှင့် အလုပ်နှင့်စည်းကမ်း ဒွန်တွဲလျက်ရှိသည်ကို အစဉ်အမြဲသတိပြုရန် လိုအပ်ပေသည်။ စည်းကမ်းမရှိ၊ စနစ်မရှိဘဲ တစ်ဦးကောင်းတစ်ယောက်ကောင်း ကြီးပွားချမ်းသာရေးအတွက် အကျင့်ပျက်ဝန်ထမ်းများနှင့် ပူးပေါင်းပြီး ဆူလွယ်၊ နပ်လွယ်ဖြစ်သော ဖြတ်လမ်းကိုမလျှောက်လှမ်းဘဲ အရည်အသွေးတောက်ပြောင်သော လုပ်ငန်းရှင်များ၊ ရိုးသားဖြောင့်မတ်သည့် လုပ်ငန်းရှင်များ၊ အများကလေးစားသည့် လုပ်ငန်းရှင်များဖြစ်စေရန် ကြိုးစားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဈေးကွက်စီးပွားရေးစနစ်ကို စည်းကမ်းစနစ်ကျနစွာဖြင့် ပုံဖော်ရန်တာဝန်ရှိသည့် စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတော်၏ အနာဂတ်အရေး၊ ပြည်သူများ၏ရှေ့ရေးကို မျှတစွာ မျှော်တွေးပြီး နိုင်ငံတော်က ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စီးပွားရေးလုပ်ငန်းများကို စိတ်အေးချမ်းသာစွာဖြင့် ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်စည်းဝေး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၂၅

**ဧရာဝတီတိုင်း မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၄ ကို အောက်တိုဘာ ၂၄ရက် နံနက်၉နာရီခွဲက မအူပင်မြို့၊ တိုးရွှေဝါခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသန်းထွန်း၊ ခရိုင်၊ မြို့နယ်အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ ထူးချွန်ဆုရအသင်းသားအသင်းသူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။**

### အမှာစကားပြောကြား

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဧရာဝတီတိုင်းတာဝန်ခံ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က မအူပင် ခရိုင်နှင့် မြို့နယ်ကြက်ခြေနီအသင်း လူနာတင်ယာဉ်အတွက် ငွေကျပ်ရှစ်သိန်း၊ မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် ၁၀ကေဗွီအေ မီးစက်တစ်စုံနှင့် မအူပင်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံတို့အားပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် ၂၀၀၃–၂၀၀၄ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသားကျောင်းသူငါးဦးနှင့် ထူးချွန်ကြက်ခြေနီ နှစ်ဦး၊ လူမှုထူးချွန်ဆု တတိယအဆင့်ရ ကြက်ခြေနီတစ်ဦး၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တုရင် အမြန်ရွှေ့ ရွှေတံဆိပ်ဆုရ တစ်ဦး၊ ပထမအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသူတစ်ဦး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) သင်တန်း၌ စံပြသင်တန်းသားဆုရဆရာ ဆရာမနှစ်ဦးတို့အား ဂုဏ်ပြုဆုများကို တာဝန်ရှိသူအသီးသီးက ပေးအပ်ချီးမြှင့်ကြသည်။

### အစီရင်ခံစာတင်သွင်း

အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များအဖြစ် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများဖြစ်ကြသော ဦးဝင်းနိုင်ကျော်၊ ဦးသန်းထွန်း၊ ဦးမြင့်နိုင်၊ ဦးအောင်မြသန်းနှင့် ဦးနိုင်ဝင်းတို့က ဆောင်ရွက်ကြပြီး မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်အောင်က တစ်နှစ်တာကာလအတွင်း အသင်းကြီး၏ ကဏ္ဍကြီး ငါးရပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်တို့နှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေအား အစီရင်ခံစာတင်သွင်းသည်။

### ရှေ့လုပ်ငန်းစဉ်

ထို့နောက် ခရိုင်အတွင်းရှိ မြို့နယ်များမှ ရှေ့လုပ်ငန်းစဉ် (၇)ရပ်၊ အသင်းကြီး၏ ကဏ္ဍကြီး ငါးရပ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ် အပေါ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မှု အခြေအနေများကိုတင်ပြကြပြီး ကဏ္ဍကြီးငါးရပ်အပေါ် သုံးသပ်အကြံပြုဆွေးနွေးကာ မှတ်တမ်းတင်ခြင်းနှစ်ရပ်၊ အတည်ပြုခြင်းတစ်ရပ်နှင့် ဆုံးဖြတ်ခြင်း နှစ်ရပ်တို့ကို ချမှတ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၂၆–၁၀–၂၀၀၄(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
Land Swipture by Underground water and Streams.
(ပထမနှစ် ပထဝီဝင်အထူးပြု)
၅း၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပင်လယ်ကြီးလောက်ချစ်တယ်”**(အပိုင်း–၈)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာသိုက်နှင့် ရန်နိုင်မား”** (အပိုင်း–၁၇)



**အမှတ် ၃(က) စွန်းလွန်းဂူကျောင်းလမ်း ဘောက်ထော် ရန်ကင်းမြို့နယ်နေ ဦးခင်မောင်အေး(စာရေးဆရာ–တိမ်မိုးလှိုင်)–ဒေါ်အေးအေး မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်း စက်တင်ဘာ ၂၀ ရက်က လက်ခံယူစဉ်။** (က–ပ)





# ဝါဆိုဝါကပ်တော်မူကြသော ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ပြန်ကြားရေးဝန်ကြီးဌာနဝန်ထမ်းမိသားစုများ ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၅

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ဝါဆိုဝါကပ်တော်မူကြသော ဆရာတော်သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။**

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ ကြွရောက်တော်မူပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းနှင့် အဖွဲ့ဝင်များသည် နာယကချုပ်ဆရာတော်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်အရှင်သူမြတ် အပါး ၄၅၀ တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် အဖွဲ့ဝင်များသည် နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

## ပေးအပ်လှူဒါန်း

ယင်းနောက် နာယကချုပ် ဆရာတော်အား ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဆက်လက်၍ ဝန်ကြီးက ဆွမ်းအလှူတော်ငွေကို သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်သို့ ပေးအပ်လှူဒါန်းသည်။

## ရေစက်ချ

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နာယကချုပ်ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အဖွဲ့ဝင်များ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ဝါဆိုဝါကပ်တော်မူသော ဆရာတော် သံဃာတော်များအား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

# သီတင်းကျွတ်လပြည့်နေ့ တရားပွဲများကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ ဆရာတော်ကြီးက အောက်တိုဘာ ၂၈ ရက် (သီတင်းကျွတ်လပြည့်နေ့) ကြာသပတေးနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း တံတားဦးမြို့နယ် ကျွန်းဦးစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တ ဝိလာသဂ္ဂ ဆရာတော်ကြီးက ညနေ ၃ နာရီတွင် လည်းကောင်း၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနက သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌအား ဂျပန်နိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၂၅

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake Odano သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်းခြောက်ထပ်ရုံးရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ရုံးခန်းသို့ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးညွန့်ဆွေ၊ ဦးအောင်မြင့်နှင့် ဦးလှမြင့်ဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# မွေးနေ့မင်္ဂလာ ပိဋကတ်သုံးပုံလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက (ဓမ္မကထိက ဗဟုဇနဟိတရ)ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် သက်တော်(၅၆)နှစ်ပြည့်မြောက် မွေးရက်ဒါနအဖြစ် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ အမှူးပြုသော သံဃာတော် ၅၆ ပါးတို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်း၍ သင်္ကန်းဒွိစုံများ အပါးစေ့ဆက်ကပ်လှူဒါန်းပြီး အုပ်ရေ လေးဆယ်စီပါရှိသော ပိဋကတ်သုံးပုံ သုံးစုံကို အလုံမြို့နယ် ကွင်းကျောင်းပရိယတ္တိစာသင်တိုက်သို့ တစ်စုံ၊ အလုံမြို့နယ် အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်သို့ တစ်စုံနှင့် ကမာရွတ်မြို့နယ် သုစိတ္တာရုံပရိယတ္တိစာသင်တိုက်သို့ တစ်စုံလှူဒါန်းကြောင်း သိရသည်။ (က-ပ)

# နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်းကို ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ဝတ္ထုရှည်နှင့် ဝတ္ထုတိုပြိုင်ပွဲဝင်သူများသည် တပ်မတော်၏အစဉ်အလာ(၁၂)ရပ်နှင့် ဘောင်ဝင်အောင် ရသမြောက်စွာရေးဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ခေါင်းစဉ်သတ်မှတ်ပေးထားခြင်းမရှိဘဲ မိမိတို့နှစ်သက်ရာခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ဝတ္ထုရှည်ကို စာလုံးရေ ၅၀၀၀၀ မှ ၇၀၀၀၀ အတွင်း ရေးသားကြရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဝတ္ထုတိုကို စာလုံးရေ ၄၀၀၀ မှ ၁၀၀၀၀ အတွင်း ရေးသားကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ရေးသားရမည်ဖြစ်ပြီး ဆောင်းပါးအတွက် သတ်မှတ်ပေးထားသော ခေါင်းစဉ်မှာ **"တပ်မတော်၏ အမျိုးသားနိုင်ငံရေးအစဉ်အလာကောင်းများ"** ဟူ၍ ဖြစ်သည်။

## ထိုက်ထိုက်တန်တန် ချီးမြှင့်မည်

ပြိုင်ပွဲဝင်သူများသည် စာမူနှစ်စောင်နှင့်အတူ မိမိကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများတွင် ဆုရရှိထားသည့်စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်းကို ကတိဝန်ခံချက်၊ စာရေးသူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ ပတ်စ်ပို့အရွယ် နှစ်လက်မ x နှစ်လက်မ နှစ်ပုံတို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများသို့ စာပေဝါသနာရှင်တိုင်း ကဏ္ဍတစ်မျိုးတွင် တစ်ပုဒ်ကျစီ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲအားလုံးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများတို့ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

## ပေးပို့ကြရမည်

ပြိုင်ပွဲဝင်စာမူများကို ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၂၆-၁၀-၂၀၀၄ ရက် (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒ၊ ဓာတုဗေဒ အထူးပြုများ) (ဓာတုဗေဒ)
- ၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၀ ၆။ ခံစားနားဆင် တေးဓာတ်ဝင်
- ၁၇:၂၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၃၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၁၀ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုနန်း"** (အပိုင်း-၃၆)
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၄ (အပိုင်း-၁)
- ၁၉:၂၀ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၉:၃၅ ၁၄။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၇)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

# သီတင်းကျွတ်လပြည့်နေ့ လှော်ကားဥယျာဉ်ဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၅

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို အောက်တိုဘာ ၂၈ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် အများပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုဆူးလ်မြို့၌ သံချပ်ကာယာဉ်အနီး ကားဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၂၄

**အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အမေရိကန်သံချပ်ကာယာဉ်အနီး၌ ကားဗုံးတစ်လုံး သောကြာနေ့က ပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။**

အဆိုပါ သံချပ်ကာယာဉ်သည် မိုဆူးလ်မြို့အနီး၌ စစ်ဆင်ရေးလုပ်ပြီး အခြေစိုက်စခန်းသို့ပြန်လာစဉ် ကားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အစောပိုင်း၌ မျက်မြင်သက်သေများက အမေရိကန်နှင့် အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များ မိုဆူးလ်မြို့ရှိ ဝတ်ကျောင်းအတွင်းဝင်ရန် ကြိုးပမ်းရာမှ ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း ပြောဆိုခဲ့ကြသည်။

**ပစ်ခတ်ခံရ**

အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များက ကားဗုံးလုပ်သူများဟု မသင်္ကာသူများကို ဖမ်းဆီးရာတွင် ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်ခံခဲ့ရသည်ဟု ဆိုသည်။

**ဖိအားပေး**

အီရတ်နိုင်ငံ၌ ဇန်နဝါရီလတွင် ရွေးကောက်ပွဲကျင်းပရန် စီစဉ်ထားရာ ရွေးကောက်ပွဲမတိုင်မီ ခုခံတိုက်ခိုက်ရေးသမားများကို အမေရိကန်နှင့်အီရတ် တပ်များက ပိုမိုဖိအားပေး တိုက်ခိုက်လာကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဂျွန်ကယ်ရီ ရွေးကောက်ပွဲ၌ အနိုင်ရဖွယ်ရှိ ကန်သမ္မတဟောင်း ကလင်တန် ပြောကြား

**လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၂၄**

အမေရိကန်သမ္မတ ရွေးကောက်ပွဲ နောက်ဆုံးရက်သတ္တပတ်များတွင် ဆန္ဒမဲအများဆုံး ရရှိသူမှာ ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီဖြစ်နိုင်ကြောင်း၊ ရွေးကောက်ပွဲ၌ အနိုင်ရနိုင်ဖွယ်ရှိကြောင်း၊ နှလုံးခွဲစိတ် ကုသမှုခံယူပြီးနောက် ပြန်လည် ကျန်းမာလာသူ အမေရိကန် သမ္မတဟောင်း ကလင်တန်က ပြောကြားလိုက်သည်ဟု လော့စ် အိန်ဂျလိစ် တိုင်း သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြထားသည်။

အင်န်ဘီစီတီဗီနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဂျွန်ကယ်ရီက ပြောကြားရာတွင် အမေရိကန် သမ္မတဟောင်း ကလင်တန် ပြောကြားချက် အတိုင်းဖြစ်ရန် မိမိတို့ ကြိုးစား ဆောင်ရွက်နေကြောင်း အမေရိကန် သမ္မတ ရွေးချယ်ရေး အတွက် နောက်ဆုံးရက်များတွင် ၎င်းက ပြောကြားသည်ဟု အဆိုပါ သတင်းစာက ဖော်ပြသည်။

သမ္မတဟောင်း ကလင်တန်မှာ ပြီးခဲ့သည့် စက်တင်ဘာလ အစောပိုင်းကပင်၎င်း၏ နှလုံးခွဲစိတ်ကုသမှု ခံယူခဲ့ရပြီးနောက် ပထမဦးဆုံးအကြိမ် ပြည်သူလူထုမြင်ကွင်းသို့ ပေါ်ထွက်လာပြီး အထက်ပါအတိုင်း ဂျွန်ကယ်ရီအနိုင်ရဖွယ်ရှိကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အောက်တိုဘာ ၂၄ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၀၅ဦး ရှိသွားပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၂၅

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။**

အောက်တိုဘာ ၂၄ရက် တနင်္ဂနွေနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၁၀၅ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၄၈ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၅၇ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ကြသည်။

**သေဆုံး**

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၇ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်အရေအတွက်မှာ ၉၆၇ ဦးဖြစ်ပြီး ယင်းအနက် ၇၃၅ဦးမှာ တိုက်ပွဲ၌ သေဆုံး၍ ၂၃၂ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**



ရာမာဒီမြို့တွင် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲဖြစ်ပွားနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီရတ်အဘူဂါရိပ်အကျဉ်းစခန်း၌ ညှဉ်းပန်းနှိပ်စက်မှု နောက်ထပ်ကန်တပ်ဖွဲ့ဝင်နှစ်ဦးကို ရုံးတင်စစ်ဆေးမည်

ဘဂ္ဂဒက် အောက်တိုဘာ ၂၃

**အဘူဂါရိပ်အကျဉ်းစခန်း၌ အီရတ်အကျဉ်းသားများကို လိင်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ မတရား ညှဉ်းပန်း နှိပ်စက်မှုများနှင့်စပ်လျဉ်း၍ ဦးဆောင်ကျူးလွန်သူအပါအဝင် နောက်ထပ်တပ်ဖွဲ့ဝင်နှစ်ဦးအား တရားရုံး၌ အစစ်ဆေးခံရန် ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ခုံရုံးက သောကြာနေ့၌ အမိန့်ထုတ်ပြန်လိုက်သည်။**

နောက်ထပ်ရုံးတင်စစ်ဆေးမည့် တပ်ဖွဲ့ဝင်နှစ်ဦးမှာ တပ်ကြပ်ဂျာဗာဒေးဗစ်နှင့် ချားလ်စ်ဂရာနာ ဆိုသူတို့ဖြစ်ကြပြီး ၎င်းတို့က အကျဉ်းသားများကိုစစ်မေးရာတွင် အကျဉ်းသားများ စိတ်ဓာတ်ကျရန် မိမိတို့သည်စေခိုင်းသည့်အတိုင်း လုပ်ဆောင်ရခြင်းဖြစ်ကြောင်း စောဒကတက် ပြောဆိုခဲ့ကြသည်။

ဂရာနာသည် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၇ရက်၌လည်းကောင်း၊ ဒေးဗစ်သည် ဖေဖော်ဝါရီ ၁ရက်၌ လည်းကောင်း တရားရုံး၌ အစစ်ဆေးခံရကြမည်ဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား မတရားညှဉ်းပန်းနှိပ်စက်သည့် ဓာတ်ပုံများ ပြေးလ၌ထွက်ပေါ်လာမှုကြောင့် ကမ္ဘာတစ်ဝန်းက ပြစ်တင်ရှုတ်ချခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

# ကဲအင်တာနေရှင်နယ် ညွှန်ကြားရေးမှူးအားလွှတ်ပေးရန် ဗြိတိသျှအစိုးရ တိုက်တွန်း

**လန်ဒန် အောက်တိုဘာ ၂၃**

ဗြိတိသျှအစိုးရသည် အီရတ်နိုင်ငံတွင် ကဲအင်တာနေရှင်နယ်ညွှန်ကြားရေးမှူး မာဂရက်ဟက်ဆန်အား ဖမ်းဆီးထားသူများက သူမကိုလွှတ်ပေးရန် သောကြာနေ့က တိုက်တွန်းလိုက်သည်။

သူမအား ရိုက်ကူးထားသည့် ဗီဒီယိုကို အယ်လ်ဂျာဇီရာရုပ်မြင်သံကြားက သတင်းထုတ်လွှင့်ပြသခဲ့ပြီးနောက် ထိုသို့ ဗြိတိသျှအစိုးရက မေတ္တာရပ်ခံခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဗီဒီယိုတိပ်ခွေတွင် အီရတ်နိုင်ငံမှ ဗြိတိသျှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် အစိုးရအား အသနားခံထားပြီး သူမသည် ပရိဒေဝမီး တောက်လောင်လျက်ရှိကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။ သူမသည် မိသားစု စိတ်သောကရောက်နေရသည်ကို မိမိကြီးမားစွာ ကိုယ်ချင်းစာနာကြောင်း ဂျက်စထရောက ပြောကြားသည်။ မာဂရက်ဟက်ဆန်သည် အီရတ်ပြည်သူများအကျိုးကို နှစ် ၃၀ကျော်မျှ အချိန်ပေးလုပ်ဆောင်ခဲ့သည်။ သူမကိုလွှတ်ပေးရေးအတွက် အီရတ်ပြည်သူတို့ကလည်း မိမိတို့နှင့်အတူ ဆန္ဒရှိမည်မျှော်လင့်ကြောင်း ဂျက်စထရောက ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို အောက်တိုဘာ၂၃ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# အီရတ်ဆိုင်ရာ ညီလာခံ အီဂျစ်နိုင်ငံတွင် နိုဝင်ဘာလအတွင်း ကျင်းပမည်

**ကိုင်ရို အောက်တိုဘာ ၂၄**

အီရတ်အရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံတကာဆိုင်ရာ ညီလာခံတစ်ရပ်ကို အီဂျစ်နိုင်ငံတွင် လာမည့် နိုဝင်ဘာလ၌ ကျင်းပမည်ဖြစ်သည်။

**ဆွေးနွေးဖွယ်**

အဆိုပါညီလာခံကို အီဂျစ်နိုင်ငံတွင် နိုဝင်ဘာ ၂၂ရက်နှင့် ၂၃ရက်များတွင် ပင်လယ်နီအပန်းဖြေစခန်း၌ ကျင်းပမည်ဖြစ်ပြီး လာမည့်ဇန်နဝါရီလတွင် အီရတ်နိုင်ငံ ရွေးကောက်ပွဲအတွက်နှင့် ကုလသမဂ္ဂ၏ အီရတ်ဆိုင်ရာ ဆောင်ရွက်ချက်ကို အောင်မြင်ပြီးမြောက်အောင် မည်ကဲ့သို့ အကူအညီ ပေးကြမည်ကို ဆွေးနွေးကြဖွယ်ရှိကြောင်း သိရသည်။

**တက်ရောက်**

ထို့ပြင် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးနှင့် စီးပွားရေး ပြန်လည်ဦးမော့လာစေရန်ဆိုသည့် အစီအစဉ်များကိုလည်း ဆွေးနွေးကြမည်ဖြစ်ကြောင်း အီဂျစ်သမ္မတ၏ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် ကိုမာဂစ်အက်ဒယ်ဖက်ဒတ်က ကိုင်ရိုမြို့တွင် ဗုဒ္ဓဟူးနေ့က ပြောကြားသည်။ ယင်းညီလာခံသို့ အီရတ်ကြားဖြတ်အစိုးရအဖွဲ့၊ အီရတ်၏ အိမ်နီးချင်းနိုင်ငံများနှင့် ဘာသာရေးဆိုင်ရာ အဖွဲ့တစ်ခုအပြင် အာရပ်စကားပြောနိုင်ငံများ၊ တရုတ်နှင့် ဥရောပသမဂ္ဂနိုင်ငံများ တက်ရောက်ကြမည် ဖြစ်သည်။

**ပြောကြား**

ထိုစဉ်အတွင်း ဘဂ္ဂဒက်ရှိ အီရတ် ကြားဖြတ်အစိုးရ၏ နိုင်ငံခြားရေးဝန်ကြီး အယ်ဇာဘာရီက ပြောကြားရာတွင် ရွေးကောက်ပွဲပြင်ဆင်ရန် ကုလသမဂ္ဂ၏ အကူအညီပေးရေး ဝန်ထမ်းအပြည့်အစုံပေးရန် ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အင်ဒိုနီးရှား–ပါကစ္စတန် ဆွေးနွေးပွဲများပြန်စခြင်းဖြင့် ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးပူးပေါင်းဆောင်ရွက်

အယ်မိတ်တီ အောက်တိုဘာ ၂၄

**အရေးကြီးပြီး အပေါင်းလက္ခဏာဆောင်သည့် အင်ဒိုနီးရှား–ပါကစ္စတန် ဆွေးနွေးပွဲများ ပြန်လည်စတင်ခြင်းဖြင့် ဒေသတွင်းလုံခြုံရေးနှင့်တည်ငြိမ်ရေးပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်၍ တိုးတက်မှုကိုပြသနိုင်မည်ဟု ရုရှားနိုင်ငံကမျှော်လင့်ကြောင်း သောကြာနေ့က ပြောကြားသည်။**

တောင်အာရှဒေသတွင် အရေးကြီးသော အပေါင်းလက္ခဏာဆောင်သည့် ဆောင်ရွက်ချက်များသည် နယူးဒေလီနှင့် အစ္စတန်ဘူလ်တို့အကြား မှန်ကန်သော နိုင်ငံရေးဆွေးနွေးချက်တစ်ရပ်ပင်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဗော့က အာရှအပြန်အလှန်အကျိုးပြုမှုနှင့် ယုံကြည်မှုတည်ဆောက်ရေး အစည်းအဝေး(စီကာ)၌ ပြောကြားသည်။

အဆိုပါ နှစ်နိုင်ငံလုံးသည် ယုံကြည်မှုတည်ဆောက်ရေးအစီအမံများ၏ ကျယ်ပြန့်စွာအကောင်အထည်ဖော်ရေး၊ စီးပွားရေးကန်ထရိုက်များထူထောင်ပြီး ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဖြစ်နိုင်ခြေများကို ဆွေးနွေးရန်သတ်မှတ်လျာထားသည်။ နှစ်နိုင်ငံလုံးက နိုင်ငံရေးကိုပြသသည့် ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်လုပ်ဆောင်သွားလိမ့်မည်ဟု မျှော်လင့်ကြောင်း လာဗော့က ပြောကြားသည်။ နှစ်နိုင်ငံအကြား အကြမ်းဖက်မှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်လိုအပ်ကြောင်း လာဗော့က မှတ်ချက်ပြုပြောကြားသည်။

**ခြိမ်းခြောက်နေ**

နိုင်ငံတကာ အကြမ်းဖက်မှုက ကမ္ဘာကိုစိန်ခေါ်နေသော အခြေအနေတွင် ဒေသတွင်းမတည်မငြိမ်မှုများတိုက်ဖျက်ရေး လူမျိုးများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုများတစ်ဦးနှင့်တစ်ဦး ခြားနားကွဲပြားနေမှုများ၊ နျူကလီးယား၊ ဓာတုနှင့်ဇီဝလက်နက်များက အကြမ်းဖက်မှုတိုက်ခိုက်ရေးကို ခြိမ်းခြောက်နေကြောင်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ပီတီအိုင်**



## မိုဘိုင်းလ်ဖုန်း အသုံးပြုသူများလာ

**အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ မိုဘိုင်းလ်ဖုန်း ကြော်ငြာဆိုင်းဘုတ်တစ်ခုကို အောက်တိုဘာ ၂၄ရက်က တွေ့ရစဉ်။**

(အိန္ဒိယနိုင်ငံသည် လွန်ခဲ့သော ငါးနှစ်က လူ၁၀၀လျှင် မိုဘိုင်းလ်ဖုန်း အသုံးပြုနိုင်သူ သုံးဦးရှိရာမှ ယခုအခါ ရှစ်ဦးအထိအသုံးပြုလာနိုင်ပြီဖြစ်ကြောင်း သိရသည်။)

**(ဓာတ်ပုံ–အင်တာနက်)**

## ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု မကာအို၌ ပြပွဲဖွင့်လှစ်

**မကာအို အောက်တိုဘာ ၂၃**

မကာအို နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ကြာသပတေးနေ့က မကာအို၌ဖွင့်လှစ်ခဲ့ပြီး အစိုးရတာဝန်ရှိသူ ၁၃၀၀နှင့် နိုင်ငံနှင့်ဒေသ ၃၀မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ပူးပေါင်းကျင်းပ**

ယင်းပြပွဲကို တရုတ်အတွင်းဝန်များရုံးနှင့် ပေါ်တူဂီနိုင်ငံ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်(မကာအို)နှင့် မကာအိုကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဌာန(အမ်တီပီ)တို့က ပူးပေါင်းကျင်းပခြင်း ဖြစ်သည်။

ပြည်မနှင့်မကာအို စီးပွားရေးပူးပေါင်းဆောင်ရွက်မှုရင်းနှီးရေး၊ ယခုနှစ်တွင် ပန်ပဲမြစ်ဝဒေသတွင် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ထူထောင်ရေး၊ မကာအိုစီးပွားရေးလုပ်ငန်းများ တိုးတက်ရေးတို့အတွက် အကျိုးရှိလိမ့်မည်ဖြစ်ကြောင်း ကျင်းပရေးဥက္ကဋ္ဌ လီပင်ဟောင်းက ပြောကြားသည်။

လေးရက်ကြာကျင်းပသော ယင်းပြပွဲသည် ယခုနှစ် ဇန်နဝါရီ ၁ရက်တွင် မကာအို၌ စီအီးပီအေ အကောင်အထည်ဖော်ခဲ့ပြီးနောက် ပထမဆုံး နိုင်ငံတကာကုန်သွယ်ရေးပြပွဲ ဖြစ်သည်။

ယင်းပြပွဲတွင် အရေးကြီးဆုံး စီးပွားရေးဆောင်ရွက်မှုဖြစ်ပြီး အမ်အိုင်အက်ဖ်သည် တရုတ်ပြည်မကြီးနှင့် ဥရောပတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၏ အဓိကပြပွဲတစ်ရပ် ဖြစ်လာသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## ထိုင်းနိုင်ငံ ဆန်တင်ပို့မှု ယမန်နှစ်ကထက် တိုးတက်

**ဗန်ကောက် အောက်တိုဘာ ၂၄**

ထိုင်းနိုင်ငံ၏ဆန်တင်ပို့မှုမှာ အောက်တိုဘာလတွင် အနည်းငယ်ကျဆင်းခဲ့သော်လည်း ယခုနှစ်ကုန်တွင် အနည်းဆုံးတန်ချိန် ကိုးသန်းသို့ ရောက်ရှိနိုင်မည်ဟု ယုံကြည်ထားကြောင်း ထိုင်းသတင်းဌာနက တနင်္ဂနွေနေ့၌ သတင်းထုတ်ပြန်သည်။

ထိုင်းဆန်တင်ပို့ရောင်းချမှုသည် ယခုနှစ် ပထမကိုးလတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၃ဘီလီယံတန်ဖိုးရှိ ဆန်တန်ချိန် ၇ ဒသမ ၂၂သန်း ရောက်ရှိခဲ့ကြောင်း၊ ယမန်နှစ်အလားတူ ကာလကထက် ပမာဏ ၃၇ ရာခိုင်နှုန်းတိုးလာပြီး တန်ဖိုးမှာ ၅၆ ရာခိုင်နှုန်းတိုးလာကြောင်း ထိုင်းနိုင်ငံခြားကုန်သွယ်ရေးဌာနက သောကြာနေ့တွင် ပြောကြားသည်။

**အများဆုံး**

ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း အများဆုံးအချိုးဖြစ်ကြောင်း၊ တန်ချိန် ၁ ဒသမ ၅၄ သန်းရှိကာ တန်ဖိုးအား ဖြင့် အမေရိကန်ဒေါ်လာ ၆၃၃ သန်းဖိုးရှိကြောင်း အဆိုပါဌာနက ပြောကြားသည်။

ထိုင်းဆန်တင်ပို့မှုသည် စက်တင်ဘာလတွင် တန်ချိန် ၈၇၆၀၀၀ တန်ရှိ ရာမှ အောက်တိုဘာလတွင် တန်ချိန် ၆၅၀၀၀၀သို့ရောက်ရှိလာမည်ဟု မျှော်လင့်ရကြောင်း ၎င်းဌာနက ဆက်လက်ပြောကြားသည်။**အမ်အင်အေ၊ဆင်ဟွာ**

## ဟောင်ကောင်၌ ဆေးလိပ်မသောက်ရ နယ်မြေများတိုးချဲ့

ဟောင်ကောင် အောက်တိုဘာ ၂၄

**ဟောင်ကောင်သည် အများပြည်သူများ ဆေးလိပ်ငွေ့များရှူရှိုက်နေရမှုမှ ကင်းဝေးစေရန် အရက်ဆိုင်များ၊ စားသောက်ဆိုင်များနှင့် ရုံးများတွင် ဆေးလိပ်သောက်သုံးမှုကို ပိတ်ပင်ခြင်းအား တိုးချဲ့စီစဉ်သွားမည် ဖြစ်ကြောင်းသိရသည်။**

အဆိုပါအစိုးရက ၂၀၀၁ခုနှစ်က ပိတ်ပင်ရန် ပထမဆုံး ကမ်းလှမ်းခဲ့သည်။ သို့ရာတွင် စီးပွားရေးလုပ်ငန်းများက ပြန်လည်ခုခံတုံ့ပြန်မှုကို ကြုံတွေ့ခဲ့ရသည်။ ယင်းတို့ကို ဟောင်ကောင်မူဝါဒများက လွှမ်းမိုး နိုင်ခဲ့သည်။

ဟောင်ကောင်ကျန်းမာရေး အကြီးအကဲက ပြောကြားရာတွင် ဆေးလိပ်သောက်သုံးမှု ပိတ်ပင်ဆောင်ရွက်ရန် အချိန်ကျရောက်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

**ထိန်းချုပ်မည်**

ဆေးလိပ်မသောက်သုံးရ နေရာများအဖြစ် မှန်လုံစားသောက်ဆိုင်များ၊ ဘားဆိုင်များ၊ ကာရာအိုကေများတွင် တိုးချဲ့သတ်မှတ်ပြီး ဆေးလိပ်အရောင်းမြှင့်တင်ရေးအပေါ် တင်းကျပ်စွာ ထိန်းချုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆေးလိပ်သောက်ခြင်းကို တားမြစ်ထားသောနေရာများမှာ အရောင်းဆိုင်များ၊ ရုပ်ရှင်ရုံများ၊ ဈေးကြီးများနှင့် ဘဏ်များတွင် ၁၉၉၈ခုနှစ်ကတည်းက ပိတ်ပင်တားမြစ်ခဲ့ကြောင်း သိရသည်။ စားသောက်ဆိုင်ကြီးများသည် ဆေးလိပ်ကင်းစင်နယ်မြေအဖြစ် ဆောင်ရွက်ရန် လိုအပ်လာပြီ ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပြောကြားချက်အရ ဟောင်ကောင်တွင် ဆေးလိပ်နှင့်ဆက်စပ်သည့် ရောဂါများဖြစ်ပွားပြီး နေ့စဉ် လူ ၁၆ဦးသေဆုံး နေကြောင်း၊ ဆေးလိပ်သောက်သူ လူဦးရေ၏ ၁၅ရာခိုင်နှုန်းရှိကြောင်း သိရသည်။ မတ်လက အိုင်ယာလန်နိုင်ငံသည် ဥရောပ၌ စားသောက်ဆိုင်များ၊ ဘီယာဆိုင်များတွင် ပထမဆုံး ဆေးလိပ်ပိတ်ပင်သည့် နိုင်ငံဖြစ်လာသည်။

**တွန်းအားပေး**

နယူးယောက်အပါအဝင် အမေရိကန်မြို့ကြီးအချို့တွင် အလားတူ ပိတ်ပင်မှုများ တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

**ဂျပန်နိုင်ငံ တိုကျိုမြို့၌ လျှပ်စစ်ထုတ်ကုန်ပစ္စည်း ပြပွဲတစ်ရပ် ခင်းကျင်းပြသရာတွင် တေးဂီတဖျော်ဖြေရေး စက်ရုပ်ကို မိတ်ဆက်ပြသထားစဉ်။**

(ဓာတ်ပုံ–အင်တာနက်)



## ဥပဒေနှင့်ဆန့်ကျင်သည့် လုပ်ရပ်များ မလေးရှား ဆက်လက်တိုက်ဖျက်သွားမည်

ကွာလာလမ်ပူ အောက်တိုဘာ ၂၄

**မလေးရှားအစိုးရသည် ဥပဒေနှင့် ဆန့်ကျင်သည့်လုပ်ရပ်များကို ဆက်လက်တိုက်ဖျက်သွားရန် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက စနေနေ့၌ ကတိပြုပြောကြားလိုက်သည်။**

မလေးရှားသည် နိုင်ငံတကာ အကျင့်ပျက်မှုအညွှန်း ၂၀၀၄ကို လေ့လာရာ၌ နိုင်ငံနှင့်ဒေသ ၁၄၆ခုတွင် အဆင့် ၃၉သို့ ရောက်ရှိရာ ယခင်နှစ်ကထက် နှစ်မှတ်ကျသွားကြောင်း အဗ္ဗဒူလာ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ယင်းအညွှန်းကိန်းသည် စိတ်ဖြင့်သိခြင်းအပေါ်တွင် အခြေခံထားကြောင်း၊ ၎င်းသည် နိုင်ငံ၏ ဥပဒေတင်းကျပ်မှုများနှင့် စည်းကမ်းများအပေါ်တွင် ခြုံငုံဖော်ပြခြင်းဖြစ်ကြောင်း ယင်းအညွှန်းက ဖော်ပြထားသည်။

**စဉ်ဆက်မပြတ်**

မိမိတို့၏ အကျင့်ပျက်မှု တိုက်ဖျက်ရေးကို စဉ်ဆက်မပြတ် တိုက်ဖျက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အဗ္ဗဒူလာသည် ပြည်တွင်းလုံခြုံမှုကိုလည်း တာဝန်ယူထားသည်။ မလေးရှားသည် အကျင့်ပျက်ခြင်းကို ပိတ်ပင်တားမြစ်ရန် ဥပဒေနှင့် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

**မှာကြား**

သူသည် အကျင့်ပျက်တိုက်ဖျက်ရေးဌာနသို့ ယင်း၏ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ပွင့်လင်းစွာပါဝင်ဆောင်ရွက်နိုင်ရန်လည်း လမ်းညွှန်မှာကြားထားသည်ဟု ၎င်းက ပြောကြားသည်။ ယခုနှစ် ပထမကိုးလတွင် စုံစမ်းစစ်ဆေးသည့်စာ ၇၃၄စောင်တွင် ဖွင့်လှစ်ခဲ့ရာ ၃၅၉ ဦး ဖမ်းဆီးခဲ့ပြီး ၁၂၂ဦးကို တရားစွဲဆိုခဲ့ကာ ၈၁မှုကို ဖျက်သိမ်းခဲ့သည်ဟု ၎င်းကပြောကြားသည်။

**တရားစွဲဆို**

ယမန်နှစ်က စုံစမ်းစစ်ဆေးသည့်စာ ၁၀၅၈စောင်တွင် ၃၃၁ဦးကို ဖမ်းဆီးမှုပြုလုပ်ခဲ့ပြီး ၁၇၅မှုကို တရားစွဲဆိုကာ ၁၀၆မှုကို ဖျက်သိမ်းခဲ့သည်ဟု ဆိုသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

## အကြမ်းဖက်သူများအား ဖမ်းဆီးရန် အင်ဒိုနီးရှားသမ္မတ အမိန့်ပေး

ဂျကာတာ အောက်တိုဘာ ၂၄

**အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်းဘန်းယူဒိုယိုနိုက အင်ဒိုနီးရှားနိုင်ငံက အလိုရှိနေသော အကြမ်းဖက်သမားများ အဇာဟာရီနှင့် နော်ဒင်မူးတော့ပ်တို့နှစ်ဦးအား ရက် ၁၀၀အတွင်းဖမ်းဆီးရန် ရဲတပ်ဖွဲ့ဝင် အကြီးအကဲ ဒိုင်ဘက်တားကို သောကြာနေ့က အမိန့်ပေးလိုက်သည်။**

**ပြောကြား**

**သမ္မတက နော်ဒင်နှင့်အဇာဟာရီတို့အား ရက် ၁၀၀အတွင်း ဖမ်းဆီးမိရမည်ဖြစ်ကြောင်း ဘက်တားက မာဒီကာ၌ ဆူဆီလိုနှင့် ဆွေးနွေးခဲ့ပြီးနောက် သတင်းထောက်များအား ပြောကြားသည်။**

အမ်အင်အေ၊ဆင်ဟွာ

## ကြည့်ရှုအားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မိသားစုဝင်များ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟော်သဓာရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းကိုယ်စားပြု ရွှေပြည်သိင်္ဂါရုပ်စုံအမြင့်သဘင်အဖွဲ့၏ ယှဉ်ပြိုင်တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)





ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် မြန်မာ့ရုပ်ရှင် ကမ္ဘာ့အဆင့်အတန်းမီရေးနှင့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ပြည်ပသို့ထိုးဖောက်နိုင်ရေးကို အထောက်အကူပြုသော ပထမမြန်မာနိုင်ငံတော်၏ သူရဲကောင်းကျန်စစ်သား၏ လက်ရုံးရည်၊ နှလုံးရည်သမိုင်းဖြစ်ရပ်မှန်ကို ဇေရက် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာလူမင်းရိုက်ကူး၍ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ထားသော 'ကျန်စစ်မင်း'ရုပ်ရှင်ဇာတ်ကား မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ **KLCC Twin Tower** ရုပ်ရှင်ရုံကြီး၌ အောက်တိုဘာ ၁၆ ရက်မှ စတင်ပြသလျက်ရှိရာ ဇာတ်ဝင်ခန်းတစ်ခန်းကို ဤသို့တွေ့ရသည်။

(သတင်းစဉ်)



# မြန်မာ့သမိုင်းဖြစ်ရပ်မှန် ကျန်စစ်မင်းရုပ်ရှင်ဇာတ်ကား ပြည်ပသို့အောင်မြင်စွာထိုးဖောက်ပြသ

**ရန်ကုန် အောက်တိုဘာ ၂၅**

ပြန်ကြားရေး ဝန်ကြီးဌာန၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် မြန်မာ့ရုပ်ရှင် ကမ္ဘာ့အဆင့်အတန်းမီရေးနှင့် မြန်မာရုပ်ရှင်ဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်နိုင်ရေးကို အထောက်အကူပြုသော ပထမမြန်မာနိုင်ငံတော်၏ သူရဲကောင်း'ကျန်စစ်သား'၏ လက်ရုံးရည် နှလုံးရည် သမိုင်းဖြစ်ရပ်မှန်ကို ဇေရက် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာလူမင်း ရိုက်ကူး၍ ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ထားသော **'ကျန်စစ်မင်း'** ရုပ်ရှင်ဇာတ်ကားသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ KLCC Twin Tower ရုပ်ရှင်ရုံကြီး၌ အောက်တိုဘာ ၁၆ ရက်မှ စတင်ပြသလျက်ရှိရာ ပရိသတ်များ စည်ကားများပြားစွာ ကြည့်ရှုအားပေးလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ထုတ်လုပ်သည့် ဇေရက်ရုပ်ရှင် ထုတ်လုပ်ရေးသို့ မိမိတို့သတင်းမှတ်တမ်းအဖွဲ့ သွားရောက်၍ တွေ့ဆုံမေးမြန်းခဲ့ရာ ဒါရိုက်တာလူမင်းက 'ကျန်စစ်မင်း' ရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ'ကျန်စစ်မင်း'ဇာတ်ကားကို ရုပ်ရှင်မင်းသား အကယ်ဒမီလူမင်းက ကိုယ်တိုင်ဒါရိုက်တာနှင့် သရုပ်ဆောင်အဖြစ် ပထမဆုံးအကြိမ်စတင် ရိုက်ကူးထုတ်လုပ်ရာတွင် PWT Co., Ltd.၏ပံ့ပိုးကူညီမှုဖြင့် မလေးရှားနိုင်ငံ Addaudio Post SDN˚BHD မှ ရုပ်ရှင်ရိုက်ကူးမှုနည်းပညာနှင့် အတတ်ပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ကမ္ဘာ့အဆင့်အတန်းမီ ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ထုတ်လုပ်၍ပြည်ပသို့ထိုးဖောက်ဖြန့်ချိပြသနိုင်ခဲ့သည်။

ယင်းဇာတ်ကားသည် ပုဂံနေပြည်တော်ကြီးကို အခြေပြု၍ 'ကျန်စစ်သား'မင်း၏ သမိုင်းဖြစ်ရပ်မှန် မေတ္တာဘွဲ့ဇာတ်ကားကြီးအဖြစ် ပေါ်လွင်ထင်ရှားအောင် ဖော်ကျူးတင်ဆက်ထားခြင်းဖြစ်ရာ သမိုင်းဆိုင်ရာ အချက်အလက်မှန်ကန်ရေး၊ အခြေပြုသော ခေတ်စနစ်၏အသွင်အပြင်များ ပေါ်လွင်စေရေး၊ အရည်အသွေးကောင်းမွန်စေရေးနှင့် အချိန်နှင့် တစ်ပြေးညီ ဆောလျင်စွာ ရိုက်ကူးပြီးစီးရေးတို့အတွက် ခက်ခဲနက်နဲသိမ်မွေ့စွာ ရိုက်ကူးထားကြောင်း သိရသည်။ **(သတင်းစဉ်)**




### ကြည့်ရှုအားပေး

'ကျန်စစ်မင်း' ရုပ်ရှင်ဇာတ်ကား မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ KLCC Twin Tower ရုပ်ရှင်ရုံကြီး၌ အောက်တိုဘာ ၁၆ ရက်မှ စတင် ပြသလျက်ရှိရာ ပရိသတ်များ ဤသို့ စည်ကား များပြားစွာ ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)

# မဟော်သဓာရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲ ပဉ္စမနေ့ယှဉ်ပြိုင် ရန်ကုန်တိုင်းကိုယ်စားပြု ရွှေပြည်သိင်္ဂါရုပ်စုံအမြင့်သဘင်အဖွဲ့တင်ဆက်

ရန်ကုန် အောက်တိုဘာ ၂၅

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ မဟော်သဓာရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ပဉ္စမနေ့နှင့်နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းကိုယ်စားပြု ရွှေပြည်သိင်္ဂါရုပ်စုံအမြင့်သဘင်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။**

**ကြည့်ရှုအားပေး**

အဆိုပါယှဉ်ပြိုင်တင်ဆက်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိသားစုဝင်များ၊ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ စာပေ၊ ဂီတ၊ သဘင်၊ အနုပညာရှင်ကြီးများ၊ မြန်မာ့အနုသုခုမပညာကို ချစ်ခင်လေးစားမြတ်နိုးကြသော အနုပညာဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

**အကဲဖြတ်အမှတ်ပေး**

ရန်ကုန်တိုင်းကိုယ်စားပြု ရွှေပြည်သိင်္ဂါရုပ်စုံအမြင့်သဘင်အဖွဲ့က မဟော်သဓာရုပ်သေးဇာတ်တော်ကြီးကို ယှဉ်ပြိုင်တင်ဆက်ရာတွင် စလေဦးရွှေကြည်က ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ဦးဆောင်စီစဉ်ကြီးကြပ်၍ ရုပ်သေးကြိုးဆွဲနှင့် ဆို၊ ငို၊ ပြော အသံသရုပ်ဆောင်ပညာရှင်များအဖြစ် ဦးရွှေကြည်၊ ဦးမောင်ကြည်၊ ဦးမောင်မောင်မင်းကြည်၊ ဦးကျော်ငွေ၊ ဦးကျော်လှ၊ ဦးကျော်ဇေယျ၊ ပန်တျာနန်းမင်းအောင်၊ တေးသံရှင် ခေတ္တရာတမာချို၊ မခင်မြသွယ်နှင့် ပန်တျာထက်ထက်တို့က ဗိုင်းတော်တီး ရွှာစား မဟာရန်ကုန် ဈုံဆိုင်းအဖွဲ့နှင့်တွဲဖက်လျက် ဇာတ်ဝင်ခန်း ၁၅ ခန်းတို့ကို အနုပညာရသပီပြင်စွာ ယှဉ်ပြိုင်တင်ဆက်ကြရာ အကဲဖြတ်အဖွဲ့ခေါင်းဆောင် ရုပ်သေးပညာရှင်ဦးရဲဒွေးနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။ **(သတင်းစဉ်)**



**'ကျန်စစ်မင်း' ရုပ်ရှင်ဇာတ်ကား မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ KLCC Twin Tower ရုပ်ရှင်ရုံကြီး၌ အောက်တိုဘာ ၁၆ ရက်မှ စတင် ပြသလျက် ရှိနေမှုကို ဒါရိုက်တာ သရုပ်ဆောင် လူမင်းက 'ကျန်စစ်မင်း' ရုပ်ရှင်ကား ဇာတ်ကားနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)



**■ ကျောဖုံးမှ**

သမဝါယမ ဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေး ဖော်ဆောင်မှုနှင့်အညီ သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်းများ ပြည်တွင်းပြည်ပ ဈေးကွက်ရရှိရေးနှင့် ရောင်းအား မြှင့်တင်ရေးအတွက် သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်များကို နှစ်စဉ်ကျင်းပခဲ့သည်။

## (၁၇)ကြိမ်

သမဝါယမထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးမှာ သမဝါယမအသင်းများအတွက်သာမက နိုင်ငံတော်အတွက်ပါ အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်များကို ပြည်နယ်၊ တိုင်းအသီးသီးတွင် (၁၇)ကြိမ်ကျင်းပပြုလုပ်ခဲ့သည်။

ရန်ကုန်မြို့ သမဝါယမကုန်သန်းရောင်းဝယ်ရေးဗဟိုဌာန (ဆရာစံပလာဇာ)တွင် ကျင်းပပြုလုပ်သော 'သမဝါယမထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော်-၂၀၀၃'၌ နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကဈေးဆိုင်ခန်းပေါင်း ၁၉၉ခန်း ဖွင့်လှစ်ပြသရောင်းချခဲ့ပြီး ကုန်ပစ္စည်းများ လက်ငင်းရောင်းရငွေကျပ် ၁၀၁ဒသမ၂၅သန်း၊ စာချုပ်ချုပ်ရောင်းချမှု တန်ဖိုးကျပ် ၁၂၀ ဒသမ ၆ သန်းနှင့် အမေရိကန်ဒေါ်လာ ၅ဒသမ ၄၇သိန်းရရှိခဲ့ကြောင်း သိရသည်။

## အတူတကွ

သမဝါယမသည် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ဆန္ဒတူသူများ အတူတကွ ပူးပေါင်းလုပ်ဆောင်သော အဖွဲ့အစည်းဖြစ်သည်။

သမဝါယမသည် တန်းတူရည်တူဖြစ်ခြင်း၊ ဆန္ဒအလျောက်ပါဝင်ခြင်း၊ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခြင်း၊ စီးပွားရေးနှင့် လူမှုရေးမြှင့်တင်ခြင်းဟူသော အခြေခံ တွေးခေါ်ယူဆချက်များနှင့် ရိုးသားခြင်း၊ အလေးထားခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြုသဘောဖြင့် လုပ်ဆောင်ခြင်း စသော အခြေခံကျင့်ဝတ်များကို ခံယူကျင့်သုံးကာ မိမိတို့၏လူမှုရေး၊ စီးပွားရေးဘဝများကို မြင့်မားအောင်ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည်။

## ပါဝင်လှုပ်ရှား

ယနေ့ မြန်မာနိုင်ငံတွင် သမဝါယမ အခန်းကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေး နယ်ပယ်အသီးသီး၌ ပါဝင်လှုပ်ရှား ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

နိုင်ငံတော် စီးပွားရေး၏ အခြေခံအကျဆုံးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လည်းကောင်း၊ မွေးမြူရေးကဏ္ဍတွင် လည်းကောင်း၊ ဘဏ်လုပ်ငန်းများတွင် လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လည်းကောင်း၊ စက်မှုလက်မှုကဏ္ဍတွင် လည်းကောင်း၊ စားသောက်ကုန်နှင့် အထည်အလိပ် ထုတ်လုပ်ခြင်းအပါအဝင် မော်တော်ကားထုတ်လုပ်ခြင်းနှင့် ကျေးလက်ရေ ရရှိရေး၊ ကျေးလက်လျှပ်စစ်မီးရရှိရေး ကဏ္ဍများထိ သမဝါယမလုပ်ငန်းများသည် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

## စိုက်ပျိုးထုတ်လုပ်

သမဝါယမစိုက်ပျိုးရေးကဏ္ဍတွင် စပါး၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ ငရုတ်၊ ကြံစသည့် အရေးကြီးသီးနှံများကို စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ဥယျာဉ်ခြံမြေအတွင်း ကော်ဖီ၊ ငရုတ်ကောင်း၊ တညင်း၊ ပန်းသီး၊ လိမ္မော်၊ သရက်နှင့် လက်ဖက်တို့ကို စိုက်ပျိုးထုတ်လုပ်ခဲ့သည်။

မွေးမြူရေး ကဏ္ဍတွင်လည်း ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ နွားမွေးမြူထုတ်လုပ်ခြင်းနှင့်ရေချိုရေငန်ငါး၊ပုစွန်လုပ်ငန်းများကို မြို့နယ်၆၄မြို့နယ်တွင် မွေးမြူရေးကန်များဖြင့် စနစ်တကျမွေးမြူဆောင်ရွက်လျက်ရှိသည်။

သတ္တုကဏ္ဍတွင်လည်း မြေဖြူ၊ ကြွေကျောက်၊ သတ္တု(ရောရာ)၊ ဂေါ်ဒန်ကျောက်၊ ဂဝံကျောက်၊ မြစ်ကျောက်စရစ်၊ လမ်းခင်းကျောက်များထုတ်လုပ်နိုင်ခဲ့သည့်အပြင် အဖိုးတန်မြန်မာ့ကျောက်မျက်ရတနာများကိုလည်း ဖော်ထုတ်ပြသရောင်းချနိုင်ခဲ့သည်။

သမဝါယမ စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်း များစွာရှိသည့်အနက် ပြည်သူလူထုအတွက် မရှိမဖြစ်လိုအပ်သော စားသုံးဆီထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့သည်။

## စက်မှုလက်မှုကဏ္ဍ

စက်မှုလက်မှုကဏ္ဍအနေဖြင့် သွင်းကုန်အစားထိုး လုပ်ငန်းများဆောင်ရွက်ရာတွင် စပါးခြွေလှေ့စက်၊ စပါးခြွေစက်၊ ရေစုပ်ပန့်၊ မျိုးစေ့ချကိရိယာ၊ ပေါင်းသင်ကိရိယာ၊ အနိမ့်ရေတင်စက်၊ သဘာဝမြေသြဇာ၊ ကျောက်ပြား၊ ကြွေသီးစုံ၊ မီးခံအုတ်၊ မျက်မှန်၊ ပလတ်စတစ်ပိုက်၊ သကြားလုံး၊ သကြားနို့ဆီ၊ ဆပ်ပြာမှုန့်၊ စပါးခွံဓာတ်ငွေ့သုံး အင်ဂျင်စက်များ ထုတ်လုပ်လျက်ရှိသည်။

သမဝါယမ ထုတ်ကုန်ပစ္စည်းများသည်အမျိုးအမည်၊ အမည်နာမများစွာရှိသည်။ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် 'သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄'တွင် သမဝါယမ ထုတ်ကုန်ပစ္စည်းများနှင့် ပုဂ္ဂလိက ထုတ်ကုန်ရောင်းကုန်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးနိုင်ခဲ့သည်။

## ဝယ်ယူနိုင်

တိုင်းနှင့်ပြည်နယ် အသီးသီးရှိ သမဝါယမများကလည်း မိမိတို့ ထုတ်ကုန်ပစ္စည်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများကို လာရောက်ပါဝင်ပြသခဲ့ကြသဖြင့် 'သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄' သည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထွက်ကုန်ပစ္စည်းမျိုးစုံကို တစ်နေရာတည်းတွင် တွေ့မြင်ဝယ်ယူနိုင်ခဲ့သည်။

ဤသည်မှာ သမဝါယမများ၏ အားသာချက်ပင်ဖြစ်သည်။

သမဝါယမအဖွဲ့အစည်းများသည် တောင်ပေါ်မြေပြန့်၊ မြို့ပြ၊ ကျေးရွာ၊ ရပ်ကွက်အထိ နေရာအနှံ့အပြားတွင် ရှိသည်။

## တွေ့ထိခံစားနိုင်

ထို့ကြောင့် သမဝါယမများကို စုစည်းလိုက်သောအခါ နယ်မြေဒေသ ထုတ်ကုန် ထွက်ကုန်အသီးသီးကို တစ်နေရာတည်းတွင် စုံစုံလင်လင် တွေ့ထိခံစားနိုင်ရန် ပြည်နယ်၊ တိုင်းအသီးသီး၏ ထုတ်ကုန်ပစ္စည်းပြခန်းတစ်ခုပြသခဲ့သည်။ ထို့အပြင် ကုန်စည်ဖလှယ်ခြင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်းလုပ်ငန်းများကိုလည်းဆောင်ရွက်နိုင်ခဲ့သည်။

'သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄'တွင် မြန်မာ့သမဝါယမနှစ်(၁၀၀)ပြည့်အကြိုလှုပ်ရှားမှုအခန်းကဏ္ဍကို ပြသနိုင်ခဲ့သည်။

မြန်မာနိုင်ငံ သမဝါယမဖြစ်ပေါ်တိုးတက်မှုကို ကြည့်မည်ဆိုလျှင် မြန်မာ့သမဝါယမ၏ အစသည် စစ်ကိုင်းခရိုင် မြင်းမူသမဝါယမ ငွေစုငွေချေးအသင်းက စတင်ခဲ့ကြောင်း တွေ့ရသည်။

စစ်ကိုင်းခရိုင် မြင်းမူသမဝါယမ ငွေစုငွေချေးအသင်းကို ၁၉၀၅ခုနှစ် ဇန်နဝါရီ ၃ရက်တွင် စတင်မှတ်ပုံတင်ဖွဲ့စည်းခဲ့ကြောင်း တွေ့ရသဖြင့် ၂၀၀၅ ခုနှစ်တွင် မြန်မာ့သမဝါယမနှစ်(၁၀၀) ပြည့်တော့မည်။

## နှစ်(၁၀၀)ပြည့်အကြို

သို့အတွက် 'သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄' တွင် မြန်မာ့သမဝါယမနှစ်(၁၀၀)ပြည့်အကြိုခင်းကျင်း ပြသခြင်းအစီအစဉ်တစ်ခုကို စီစဉ်ဆောင်ရွက်ခဲ့သည်။

မြန်မာ့သမဝါယမ ရာပြည့်အကြိုပြခန်းကို ဆရာစံပလာဇာအဆောက်အအုံ(ဘီ)ဆောင် (ပထမထပ်)တွင် ပြသခဲ့ရာ ခေတ်အဆက်ဆက် သမိုင်းဝင် ဓာတ်ပုံများ၊ ခေတ်ဟောင်းစာအုပ်များ၊ ဥပဒေများ၊ အမှတ်တံဆိပ်များ၊ အစုလက်မှတ်များ၊ အလံများ၊ သမဝါယမ လေ့ကျင့်ပညာပေးရေးသမိုင်း၊ လူထုပညာပေးရေး လုပ်ငန်းများ၊ နှစ် ၅၀အထက် ဘိုးသက်ရှည် သမဝါယမအသင်းများ၏ သမိုင်း၊ ICAနှင့် မြန်မာ့သမဝါယမ ဆက်သွယ်ဆောင်ရွက်မှုမှတ်တမ်း၊ ခေတ်အဆက်ဆက်စီမံကိန်းများအကြောင်း၊ မြန်မာ့သမဝါယမ အစပြုကွက်များ (Micro Finance) မူလအစပြုကွက်များ ခင်းကျင်းပြသနိုင်ခဲ့သည်။

'သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄'သည် စားသုံးသူပြည်သူလူထုအတွက် နယ်မြေဒေသအသီးသီးမှ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ အထည်အလိပ်မျိုးစုံ၊ ပရိဘောဂနှင့် အလှဆင်ပစ္စည်းမျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာ လွယ်ကူချောမွေ့စွာ ဝယ်ယူရရှိနိုင်မည့်အပြင် ကုန်ပစ္စည်းနှင့် ဈေးကွက်လေ့လာလိုသူများ၊ ဗဟုသုတရှာမှီးလိုသူများအတွက် သမဝါယမ သမိုင်းကြောင်းနှင့် သမဝါယမလှုပ်ရှားမှုများ၊ လူမှုရေး၊ ပညာရေး လှုပ်ရှားမှုများကို ရှုပါးဓာတ်ပုံများ၊ စာအုပ်စာပေအထောက်အထားများနှင့် လေ့လာတွေ့ရှိနိုင်ခဲ့သည်။

## ပါဝင်ပြသ

ဤသို့ဖြင့် 'သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄'တွင် ပြခန်းပေါင်း ၁၂၀၊ ပြခန်းကြီးလေးခုနှင့် အရောင်းဌာန ၆၄ခုပါဝင်ပြီး နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကလုပ်ငန်းကုမ္ပဏီ အများအပြား ပါဝင်ပြသရောင်းချခဲ့သည်။

သမဝါယမဝန်ကြီးဌာန သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်များကို ကျင်းပပြုလုပ်ရာတွင် တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသွားရန်နှင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန် စေရန်၊ ထုတ်ကုန်ပစ္စည်းအသစ် အဆန်းများ ထုတ်လုပ်ပြသနိုင်ရန် ကြိုးပမ်းအားထုတ် လုပ်ဆောင်ခဲ့သည့်နည်းတူ ယနေ့ ဖွင့်လှစ်သည့် 'သမဝါယမဒေသ ထွက်ကုန်အရောင်းပွဲတော်'ကိုလည်း အဘက်ဘက်က လိုလေသေးမရှိအောင် အားဖြည့်ဆောင်ရွက်ထားကြောင်း သိရသည်။

အထူးသဖြင့် ပြပွဲလာပြည်သူများ အပန်းတော်ပြေစေရန် ဖျော်ဖြေရေးအစီအစဉ်များကို ထည့်သွင်းပေးထားသည်။

၎င်းပြင် ရိုးရာအစားအစာများနှင့် စားသောက်ဆိုင်မျိုးစုံကိုလည်း ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

'သမဝါယမ ဒေသထွက်ကုန် အရောင်းပွဲတော်'သည် သမဝါယမ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများရော၊ ပုဂ္ဂလိက၏ အခင်းအကျင်းနှင့် အစီအမံများရော တွေ့မြင်ကြရမည်ဖြစ်သည်။

## ကောင်းမွန်ပြည့်စုံ

**'သမဝါယမ ဒေသထွက်ကုန် အရောင်းပွဲတော်'**ကို သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ဦးဆောင်သော နာယကအဖွဲ့နှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း ဦးဆောင်သော ဦးစီးကော်မတီ၊ အထောက်အကူပြုဆပ်ကော်မတီများဖြင့် စနစ်တကျဖွဲ့စည်းပြီး လုပ်ငန်းများကိုကြီးကြပ်စီမံဆောင်ရွက်ခဲ့သဖြင့် ကောင်းမွန်ပြည့်စုံ စည်ကားသိုက်မြိုက်သော ကုန်စည်ပွဲတော်ကြီး တစ်ခုအဖြစ် တွေ့မြင်ခံစားကြရမည်ဖြစ်သည်။

ဤ**'သမဝါယမဒေသထွက်ကုန်အရောင်းပွဲတော်'**သည် သမဝါယမ၏ စုစည်းမှုစွမ်းအားကို မျက်ဝါးထင်ထင် တွေ့မြင်ရမည့်ပြပွဲနှင့် အရောင်းပွဲတော်ကြီးတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**






**မြောက်ဥက္ကလာပ မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့၏ နှစ်စဉ် ကျင်းပမြဲ ဖြစ် သော အသက်(၇၅)နှစ်နှင့် အထက် သက်ကြီးစာပေပညာရှင် ကိုးဦး ပူဇော်ပွဲကို အဖွဲ့တည်ရာ အမှတ် ၅၈ ရော့၇ လမ်းတွင် အောက်တိုဘာ၂၃ရက်က ကျင်းပရာ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ကြစဉ်။** (၃၂၂)

# စလင်းမြို့အထကနှင့် အလက အငြိမ်းစားဆရာ ဆရာမများကန်တော့ပွဲ

**ရန်ကုန် အောက်တိုဘာ ၂၅**

စလင်းမြို့ အထကနှင့် အလကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၅)နှစ်ပြည့် အငြိမ်းစားဆရာ ဆရာမများအားကန်တော့ပွဲကို စလင်းမြို့ မြတ်ရတနာဓမ္မာရုံကြီး၌ နိုဝင်ဘာ၅ရက်တွင်ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် စလင်းမြို့ ဦးတင်ဝင်း ဖုန်း-၀၆၃-၄၂၁၇၆၊ ဦးမောင်မောင်စန်း ဖုန်း-၀၆၃-၄၂၀၇၃၊ ရန်ကုန်မြို့ ဦးစန်းညိုအောင် ဖုန်း-၀၁-၆၈၁၂၃၀နှင့် ဦးလင်းသက်မော် ဖုန်း-၀၉-၅၀-၁၂၁၅၉တို့သို့ ဆက်သွယ်၍ အလှူငွေများ ထည့်ဝင်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# စတုဘုမ္မိကတရားပွဲ ဆွမ်းဆက်ကပ်မည်

**ရန်ကုန် အောက်တိုဘာ ၂၅**

သဃ်န်းကျွန်းမြို့နယ် ဇ/မြောက်ရပ်ကွက် ပြည်သာယာလမ်း စတုဘုမ္မိက မဂ္ဂင်ရိပ်သာ၌ အောက်တိုဘာ ၂၈ ရက် (အဘိဓမ္မာနေ့) နံနက် ၉ နာရီတွင် ဓမ္မကထိက ဦးမုနိန္ဒက ဥပုသ်သီလ ချီးမြှင့်မည်ဖြစ်ပြီး ဆရာတော် သံဃာတော်များအား အလှူရှင် ဦးအေးသိန်း-ဒေါ်စန်းငွေ မိသားစု (လမ်းမတော်ဖက်ရှင်) သန်လျင်မြို့က ဥပုသ် ဆွမ်းဆက်ကပ်လှူဒါန်းကြမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

# မူကြိုကွန်ရက်လုပ်ငန်းဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

မူကြိုကွန်ရက်လုပ်ငန်းဆွေးနွေးပွဲ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မူကြိုကွန်ရက်လုပ်ငန်းဆွေးနွေးပွဲ ကျင်းပရေး ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## အကြံပြုဆွေးနွေး

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်က အမှာစကားပြောကြားပြီး မူကြိုကွန်ရက်လုပ်ငန်းဆွေးနွေးပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ အစည်းအဝေးတက်ရောက်သူများက အကြံပြုဆွေးနွေးကြသည်။

အဆိုပါ မူကြိုကွန်ရက်လုပ်ငန်းဆွေးနွေးပွဲကို ၂၀၀၄ခုနှစ် နိုဝင်ဘာ ၁၃ရက်မှ ၁၅ရက်အထိ မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ ဦးစီးဌာန၌ ကျင်းပမည်ဖြစ်ရာ စံပြမူကြိုဆရာဖြစ်သင်တန်း အပတ်စဉ်(၁)မှ (၅)အထိ တက်ရောက်ခဲ့သော သင်တန်းသား သင်တန်းသူများ တက်ရောက်နိုင်သည်။ တက်ရောက်လိုသူများသည် နိုဝင်ဘာ၁၃ရက်နံနက်၈နာရီအရောက် ကမာရွတ်မြို့နယ် ပြည်လမ်း အမှတ် ၄၂၆ရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ဖုန်း- ၅၂၇၀၅၃ နှင့် ၅၃၅၈၆၀ တို့သို့ သတင်းပို့တက်ရောက်နိုင်ကြောင်းသိရသည်။ **(က-ပ)**

# ဇောတိနမ့်ဆန်ကျောင်း စုပေါင်းဆွမ်းဆက်ကပ်မည်

**ရန်ကုန် အောက်တိုဘာ ၂၅**

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)အောက်တိုဘာ၂၈ရက်တွင် စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက် ဇောတိနမ့်ဆန်ကျောင်း၌ ပဌမအကြိမ်မြောက် စုပေါင်းဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် တအောင်းပလောင်မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်နီးရပ်ဝေးမှ အလှူရှင် ဒါယကာ ဒါယိကာမများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဖုန်း-၅၀၀၇၉၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်ရှိ လုံးတော်ပေါက်တံတား ဖွင့်ပွဲ အခမ်းအနားတွင်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

လုံးတော်ပေါက်တံတား ဖွင့်ပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၊ ရခိုင်ရိုးရာစည်တော်အဖွဲ့၊ ရခိုင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့တို့မှ အဖွဲ့ဝင်များ စုစုပေါင်း အင်အား ၂၅၀၀တို့ တက်ရောက်ကြသည်။



ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်နယ်နှင့်တိုင်း ၁၄ ခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြဲနိမ့်မြင့်ကွာဟမှု လျော့နည်းပြီး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံများကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ရခိုင်ပြည်နယ်သည် ယခင်ကာလများက အခြားပြည်နယ်နှင့်တိုင်းများနှင့် ဆက်သွယ်ရာတွင် ခက်ခဲပြီး ရေကြောင်းလမ်းနှင့် လေကြောင်းလမ်းတို့ကိုသာ အဓိကအားထားနေခဲ့ရကြောင်း၊ ပြည်နယ်၏ ကုန်းလမ်းထွက်ပေါက်သုံးခုဖြစ်သည့် အမ်းတောင်ကြားလမ်း၊ တောင်ကုတ်တောင်ကြားလမ်းနှင့် ဂွ–သိုင်းချောင်းလမ်းတို့ရှိသော်လည်း ယင်းထွက်ပေါက်များနှင့် ရခိုင်ပြည်နယ်အတွင်းပိုင်းဒေသကို ဆက်စပ်နိုင်ရန် မော်တော်ကားလမ်းများ မရှိသည့်အပြင် ရှိပြီးလမ်းများသည်လည်း ကောင်းမွန်ခြင်းမရှိဘဲ ဖြစ်ခဲ့ကြောင်း။

## ဆက်လက်တည်ဆောက်

ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် နိုင်ငံတော်ကလမ်း၊ တံတားများစွာကို ဘဏ္ဍာငွေမြောက်မြားစွာ အကုန်ခံပြီးတည်ဆောက်ပေးခဲ့ကြောင်း၊ ယခုဆိုလျှင် ရခိုင်ပြည်နယ်က တိုင်းရင်းသားများသည် စစ်တွေ–မြောက်ဦး–အမ်းကားလမ်းမကြီးမှတစ်ဆင့် မြန်မာပြည်အနှံ့သွားလာနေပြီဖြစ်ပြီး တောင်ကုတ်–ပန်းတောင်းလမ်း၊ ဂွ–သိုင်းချောင်းလမ်းတို့နှင့် ပေါင်းစပ်လိုက်လျှင် နိုင်ငံနှင့်အဝန်း ဆက်သွယ်သွားလာနိုင်သည့် လမ်းမကြီးသုံးသွယ် ခိုင်ခိုင်မာမာရှိနေပြီဖြစ်ကြောင်း၊ ယခုတောင်ကုတ်ကို အခြေပြုထားသော ရန်ကုန်–ကျောက်ဖြူ လမ်းမကြီးကိုလည်း ရွှံ့ညွန်တောများအတွင်း(Geotextile)နည်းကိုသုံးပြီး ခဲရာခဲဆစ်ဖြတ်ကျော်ဖောက်လုပ်ပေးလျက်ရှိကြောင်း။



စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်ရှိ လုံးတော်ပေါက်တံတား ဖွင့်ပွဲ အခမ်းအနားတွင် တံတားမှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



ရခိုင်ပြည်နယ်သို့ ဝင်ရောက်လာသော လမ်းမကြီးလေးသွယ်ပြမြေပုံကို တွေ့ရစဉ်။ (သတင်းစဉ်)



တောင်ကုတ်–မအီ–ကျောက်ဖြူ လမ်းအပိုင်းတွင် လိုအပ်သည့် ပေ ၁၈၀ အထက် မြစ်ကူးတံတား ၁၄ စင်းတည်ဆောက်ရန်ရှိသည့်အနက် ကိုင်းရှည်တံတား၊ တန်းလွဲတံတား၊ ဆားပြင်တံတား၊ လမူးတံတား၊ မအီတံတား၊ ကျောက်ကြီးပေါက်တံတား၊ စနဲပေါက်တံတား၊ ဒီးဒုတ်ပေါက်တံတားနှင့် ယနေ့ဖွင့်လှစ်သော လုံးတော်ပေါက်တံတားနှင့်ဆိုလျှင် တံတားကိုးစင်းကို တည်ဆောက်ပေးပြီးဖြစ်သည့်အပြင် ကျန်တံတားကြီး ငါးစင်းကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိကြောင်း။

လိုအပ်သည့်တံတားအားလုံးနှင့် လမ်းလုပ်ငန်းများပြီးစီးသွားမည်ဆိုလျှင် အမ်း–မအီ–ကျောက်ဖြူ ကားလမ်း၊ အမ်း–မအီ–တောင်ကုတ်ကားလမ်းတို့ ပေါ်ထွက်လာပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းဆက်စပ်သည့် ရခိုင်ကမ်းရိုးတန်းလမ်းမကြီး ရုပ်လုံးပေါ်လာမည်ဖြစ်ကြောင်း။

## လမ်းမကြီးလေးသွယ်

ထို့အပြင် မိုင် ၄၀၀ ကျော်ရှိသည့် ရန်ကုန်–ကျောက်ဖြူကားလမ်းမကြီးသည်လည်း ရန်ကုန်–စစ်တွေလမ်းမကြီးကဲ့သို့ ခိုင်ခိုင်မာမာထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမ်းမှတစ်ဆင့်၊ တောင်ကုတ်မှတစ်ဆင့်၊ ဂွမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်နိုင်သည့် ဝင်ပေါက်ကြီးသုံးခုကို အသုံးပြုပြီး လမ်းမကြီးလေးသွယ်အထိ ကျယ်ပြန့်စွာ တိုးတက်ပေါ်ထွက်လာတော့မှာ သေချာနေပြီဖြစ်ကြောင်း။

## အစင်း၃၀မြောက်တံတား

ယနေ့ဖွင့်လှစ်သည့် လုံးတော်ပေါက်တံတားသည် ဖောက်လုပ်ဆဲ ရန်ကုန်–ကျောက်ဖြူလမ်းမကြီးပေါ်က အရေးပါသော တံတားတစ်စင်းဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ခဲ့သော ၁၇၅ စင်းမြောက် ပေ ၁၈၀ အထက် တံတားတစ်စင်းဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ့မီးရထားက တည်ဆောက်ဖွင့်လှစ်ခဲ့သော တံတားခြောက်စင်း၊ တပ်မတော်အင်ဂျင်နီယာတပ်က တည်ဆောက်ဖွင့်လှစ်ခဲ့သော တံတားခုနစ်စင်းတို့နှင့် ပေါင်းပြီးဖော်ပြရမည်ဆိုလျှင် ဤတံတားသည် နိုင်ငံတော်၏ ၁၈၈စင်းမြောက်တံတားလည်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွက်ဆိုလျှင် အစင်း ၃၀ မြောက် တံတားလည်းဖြစ်ကြောင်း။

သံမဏိသံပေါင်တပ် သံကူကွန်ကရစ်တံတားဖြစ်ပြီး အရှည် ၁၁၅၄ ဒသမ ၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ တံတားခံနိုင်ဝန်တန် ၆၀ ရှိသည့် တံတားတစ်စင်းဖြစ်ကြောင်း၊ ရေနက်ဆိပ်ကမ်းတည်ဆောက်နိုင်မည့် အခြေအနေကောင်းများရှိသည့် ကျောက်ဖြူနှင့် ရန်ကုန်ဆက်သွယ်ရာ လမ်းမကြီးပေါ်၌ရှိသော ဤတံတားသည် ရခိုင်ပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

## တိုးတက်မှုမြန်ဆန်

ရခိုင်ပြည်နယ်သည် ရေသယံဇာတ၊ မြေသယံဇာတကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ မကြာသေးမီကပင် ဤဒေသနှင့် ဆက်စပ်သည့် ရခိုင်ကမ်းလွန်ပင်လယ်ပြင်၌ သဘာဝဓာတ်ငွေ့သိုက်ကို ရှာဖွေတွေ့ရှိထားပြီးဖြစ်၍ ရခိုင်ပြည်နယ်၏ တိုးတက်မှုသည် ပိုမိုမြန်ဆန်လာတော့မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ တံတားကြီးအားလုံး ဖွင့်လှစ်ပြီးပါက ရန်ကုန်–ကျောက်ဖြူကားလမ်းမကြီး ပေါ်ပေါက်လာတော့မည်ဖြစ်၍ ရေလမ်းကိုသာ ဘိုးစဉ်ဘောင်ဆက်အားကိုးနေကြရသော ရမ်းဗြဲကျွန်းပေါ်ရှိ ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်များမှ မြို့များနှင့် ကျေးရွာပေါင်း ၄၈၀ ၌ မှီတင်းနေထိုင်ကြသည့် ကျေးလက်ပြည်သူသုံးသိန်းကျော်တို့အတွက် တန်ဖိုးမဖြတ်နိုင်သော ကုန်းလမ်းထွက်ပေါက်ကြီးတစ်ခု ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း၊ ၎င်းထွက်ပေါက်ကို အသုံးပြုပြီး ရခိုင်ပြည်နယ်တောင်ဘက်ကမ်းရိုးတန်းမြို့၊ ရွာများနှင့်မြန်မာပြည်အနှံ့ လွယ်ကူလျင်မြန်စွာ ကူးသန်းရောင်းဝယ်နိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ စီးပွားရေးသည်လည်း ပိုမိုဖွံ့ဖြိုးလာပြီး လူနေမှုအဆင့်အတန်းများလည်း ပိုမိုတိုးတက်ဖြစ်ပေါ်လာတော့မှာ သေချာလျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ဖွင့်လှစ်သော လုံးတော်ပေါက်တံတားကို ကြိုးစားပမ်းစား တည်ဆောက်ပေးခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးကို နိုင်ငံတော်ကိုယ်စား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့်လုံးတော်ပေါက်တံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းစောင့်ရှောက်ပေးကြပါဟု ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းက တံတားဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။



## ကျေးလက်ပြည်သူများ တန်ဖိုးမဖြတ်နိုင်သော ကုန်းလမ်းထွက်ပေါက်ပေါ်ထွက်

❒ လုံးတော်ပေါက်တံတားသည် သံမဏိသံပေါင်တပ် သံကူကွန်ကရစ် တံတားဖြစ်ပြီး အရှည် ၁၁၅၄ ဒသမ ၅ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ တံတား ခံနိုင်ဝန်တန် ၆၀ ရှိ။

❒ ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့် အခြေအနေကောင်းများရှိသည့် ကျောက်ဖြူ ရန်ကုန်ဆက်သွယ်ရာ လမ်းမကြီးပေါ်ရှိ တံတားတစ်စင်းဖြစ်ပြီး ရခိုင်ပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြု။

❒ တံတားကြီးအားလုံး ဖွင့်လှစ်ပြီးပါက ရေလမ်းကိုသာ ဘိုးစဉ်ဘောင်ဆက်အားကိုး နေကြရသော ကျောက်ဖြူနှင့် ရမ်းဗြဲ မြို့နယ်များမှ မြို့များနှင့် ကျေးရွာပေါင်း ၄၈၀ ရှိ ကျေးလက်ပြည်သူ သုံးသိန်းကျော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကုန်းလမ်း ထွက်ပေါက်ကြီးတစ်ခု ပေါ်ထွက်လာတော့မည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် တံတားမုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က လုံးတော်ပေါက်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စုပေါင်း မှတ်တမ်း တင် ဓာတ်ပုံရိုက်ကြသည်။

### အမွှေးနံ့သာရည်ပက်ဖျန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လုံးတော်ပေါက် တံတား မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က မှတ်တမ်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် များဖြင့် ပက်ဖျန်းပေးကြသည်။

### ဖြတ်သန်းကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများသည် တံတားကြီးပေါ်သို့ ဖြတ်သန်း ကြည့်ရှုကြသည်။

အဆိုပါ လုံးတော်ပေါက်တံတားမှာ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ရန်ကုန်–ကျောက်ဖြူကားလမ်းမကြီးပေါ်၌ တည်ရှိပြီး တံတားအမျိုးအစားမှာ သံပေါင်တပ် သံကူကွန်ကရစ်ဖြစ်သည်။ တံတားအရှည်ပေ ၁၁၅၄ ဒသမ ၅ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေဖြစ်သည်။ လမ်းတစ်ဖက်တစ်ချက်၌ သုံးပေစီ အကျယ်ရှိ လူသွားလမ်းများပါရှိသည်။ တံတားအောက်ရေလမ်း ကင်းလွတ် နယ်မြေမှာ အကျယ်ပေ ၁၆၀၊ အမြင့် ၁၇ ပေ ဖြစ်သည်။ ခွင့်ပြု ယာဉ်တန်ချိန်မှာ မော်တော်ယာဉ်တစ်စီးချင်း တန် ၆၀ နှစ်လမ်းမောင်းဖြစ်သည်။ အဆိုပါတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လုံးတော်ပေါက်တံတား တည်ဆောက်ရေး အဖွဲ့က ၂၀၀၂ ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဧည့်သည်တော်များ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်ရှိ လုံးတော်ပေါက် တံတားပေါ်တွင် ဖြတ်သန်း ကြည့်ရှုကြစဉ်။ (သတင်းစဉ်)**




**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင် ပြည်နယ် ရမ်းဗြဲမြို့နယ်ရှိ လုံးတော် ပေါက်တံတားဖွင့်ပွဲ အခမ်းအနား တွင် ဒေသခံပြည်သူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။**

(သတင်းစဉ်)

## မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်းပွဲ

**ရန်ကုန် အောက်တိုဘာ ၂၅**

မြောက်ဥက္ကလာပမြို့နယ် ည/ရပ်ကွက် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ်၁၀ရက် တရားစခန်းပွဲဖွင့်လှစ်လျက်ရှိရာ ယခု (၁၁၉)ကြိမ်မြောက် တရားစခန်းပွဲတွင်လည်း ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ L.L.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် သီတင်းကျွတ်လပြည့်ကျော်၃ရက် (အောက်တိုဘာ၃၁ ရက်) တနင်္ဂနွေနေ့ညနေ အရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

**ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အရှေ့ရန်ကင်း တိုက်၂၀၈ အခန်း ၁၈ နေ ကွယ်လွန်သူ ဖခင် ဦးဘအေး–မိခင် ဒေါ်ငွေဖုံ၊ ညီမ မအေးအေးမော် တို့အားရည်စူး၍ ကျန်ရစ်သူ သားသမီးများက ဆွမ်းပဒေသာပင်နှင့် သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်း ကိုးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင် သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)**



## ကျေးလက်နေပြည်သူများအတွက် ဒို့ကျေးရွာဂျာနယ်

**ရန်ကုန် အောက်တိုဘာ ၂၅**



ကျေးလက်နေပြည်သူများကို တိုက်ရိုက်အကျိုးပြုမည့် ‘ဒို့ကျေးရွာ’ ဂျာနယ် အတွဲ(၁)၊ အမှတ်(၁)ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ ဂျာနယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပညာပေးဆောင်းပါးများ၊ကျေးလက်စကားဝိုင်း၊ ဒို့ကျေးရွာအမေးအဖြေကဏ္ဍ၊ လယ်ယာကုန်ဈေးနှုန်း သတင်းများ၊ဝတ္ထု၊ကဗျာ၊ဆောင်းပါးများ၊ ဟာသ၊ ရုပ်ရှင်၊ ဗေဒင်စသည့် စိတ်ဝင်စားဖွယ်ရာ သုတ ရသ စုံလင်စွာဖြင့် ဝေဆာစွာ ထည့်သွင်း ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်နှင့် ဆက်သွယ်ရန်လိပ်စာမှာ ဒို့ကျေးရွာဂျာနယ် စာတည်းအဖွဲ့ အမှတ်၃၀/၃၂ ၁၀ လမ်း အထက်ဘလောက် လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၅၂၄၅၂ နှင့် ၀၁–၃၇၉၇၆၈ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**သာယာမည်** — မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

❒ *ကျောဖုံးမှ*

### ထည့်သွင်းဖော်ပြထား

ယခုအခါတွင်မူ တန်းတူရည်တူရှိသည့် ဦးတည်ရာလမ်းကြောင်းသစ် ဖြစ်ပေါ်လာနေပြီဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်သည့် အာရှဒေသကြီးပေါ်ထွန်းလာနေပြီဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လာမည့် ၁၀ စုနှစ် အနည်းငယ်အတွင်း နိုင်ငံတကာမြင်ကွင်းကို အခြေခံကျကျ ပြောင်းလဲပုံဖော်နိုင်လိမ့်မည်ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်းဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် လုပ်ငန်းဆောင်တာများကိုလည်းကောင်း၊ လုံခြုံရေးကိုလည်းကောင်း ထိန်းသိမ်းကာကွယ်ထားနိုင်၊ မထားနိုင်ဆိုသည့်ပြဿနာရှိလာကြောင်း၊ နိုင်ငံတကာပုံစံသစ်ကို အသိအမှတ်ပြုပြီး လက်ခံ ကျင့်သုံးရမည့်အခြေအနေတွင် ရောက်ရှိနေကြောင်းဖြင့်လည်း သတင်းစာက ဆက်လက်ဖော်ပြထားသည်။

### စိန်ခေါ်မှုကြီးဖြစ်လာ

**“အာရှသည် အမေရိကအတွက် ကြီးမားသည့် စိန်ခေါ်မှုကြီးဖြစ်လာနေပြီ”** ဟူသော ခေါင်းစဉ်ဖြင့် ဝါရှင်တန်ပို့စ် သတင်းစာခေါင်းကြီးပိုင်းတွင် ယင်းကဲ့သို့ ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

အိန္ဒိယသမ္မတနိုင်ငံသည်လည်း အထင်ကြီးရလောက်အောင် အခက်အခဲအမျိုးမျိုးကို ခံနိုင်ရည်ရှိပြီး ဖွံ့လုံ့လ ရှိသည့်အပြင် မဆုတ်မနစ်သော သန္နိဋ္ဌာန်ချ ဆောင်ရွက်တတ်ရုံသာမက တိုင်းပြည်အရွယ်အစားအားဖြင့်လည်း ကြီးမားခြင်းတို့ကြောင့် အင်အားကြီးမားပြီး ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း၊ ဤအချက်သည် အာရှရှိန်ခွင်လျှာတွင် ကြီးမားသည့် အလေးသာချက်ဖြစ်နေကြောင်းဖြင့်လည်း သတင်းစာတွင် ထည့်သွင်းထောက်ပြထားသည်။

### ခိုင်မာစွာရှိလာ

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ယဉ်ကျေးမှုဆိုင်ရာ ယုံကြည်ချက်နှင့် နိုင်ငံရေးခံယူချက်များလည်း ခိုင်မာစွာရှိလာကြောင်း၊ အနောက်အုပ်စုသည် အာရှတိုက်ကို နှစ်ကာလ ကြာမြင့်စွာ ဗိုလ်ကျလာခဲ့ကြောင်း၊ အာရှတိုက်ကို ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းအနေဖြင့် အနောက်အုပ်စုက ရှုမြင်ခဲ့ကြကြောင်းဖြင့်လည်း ဖော်ပြထားသည်။ မဟာအင်အားကြီးပြိုင်ဘက်နိုင်ငံများသည် ဗီယက်နမ်နှင့် ကိုရီးယားကဲ့သို့သော နိုင်ငံများကို စစ်ဆင်နွှဲရာနေရာအဖြစ်သာ ယူဆခဲ့ကြကြောင်း၊ သို့ရာတွင် ဤအခြေအနေသည်လည်း ပြောင်းလဲနေပြီဖြစ်ကြောင်းဖြင့်လည်း ဖော်ပြထားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ဂုဏ်ယူစရာရှိနေသည့် နိုင်ငံကြီးများဖြစ်ပြီး ရှေးဟောင်းယဉ်ကျေးမှုထွန်းကားခဲ့ရာ နိုင်ငံကြီးများလည်းဖြစ်ကြကြောင်း၊ ပြည်တွင်းစီးပွားရေးလည်း ခိုင်မာတောင့်တင်းကြကြောင်း၊ အနောက်အုပ်စုသို့တင်ပို့သည့် ပို့ကုန်များကို လုံးလုံးလျားလျား အားကိုးအားထားပြုနေရသည့် နိုင်ငံများလည်း မဟုတ်ကြောင်း၊ ၁၉၉၇ ခုနှစ်ကဖြစ်ပွားခဲ့သော အရှေ့အာရှအကျပ်အတည်းကာလတွင် စီးပွားရေး အလွန် ဖွံ့ဖြိုးသော အရှေ့အာရှကျားနိုင်ငံများအားလုံး ကစဉ့်ကလျား ဖရိုဖရဲဖြစ်ခဲ့ကြရသော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သည် အနောက်နိုင်ငံများ၏ ဝယ်လိုအားကျဆင်းသွားသည့်တိုင်အောင် တောက်လျှောက်ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်းဖြင့်လည်း ဝါရှင်တန်ပို့စ်သတင်းစာ ခေါင်းကြီးပိုင်းတွင် ဖော်ပြထားသည်။ ။

**အမ်အင်အေ၊ပီတီအိုင်**

# မြန်မာ့ယဉ်ကျေးမှုနှင့် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

သီတင်းကျွတ်လသည် မြန်မာလ၁၂လတွင် သတ္တမမြောက်လဖြစ်၍ အသဝနီနက္ခတ်နှင့် စန်းယှဉ်ကာ လပြည့်ပြီး ကျီးမင်းတာရာဖြစ်၍ ရာသီအနေအားဖြင့် တူရာသီဖြစ်သည်။ သီတင်းကျွတ်လကို ရှေးအခါက "သံတူလ"ဟု ခေါ်ဆို ရေးသားခဲ့ကြသည်။ ကောက်ပင်များ ထောင်မတ်လာသောလဟု အဓိပ္ပာယ်ရ၏။ ဖြူ၊ နီ၊ ဝါ၊ ပြာ ရောင်စုံဖြာသည့် ကြာမျိုးငါးပါး လှိုင်လှိုင်ဖူးပွင့်သဖြင့် အာကာတစ်ခွင်ဝယ် ကြာပန်းရနံ့များဖြင့် သင်းပျံ့ကြိုင်လှိုင်လျက်ရှိပြီး မိုးနှောင်းကာလ လွန်စွာသာယာလှပသော အခါသမယလည်း ဖြစ်သည်။

ထို့ကြောင့် **"ရေပြင်လှတင့် ကြာမျိုးပွင့်၍၊ မြတ်ကျင့်ခေါင်ထွတ်၊သီတင်းကျွတ်ဟု"** ဆိုသည့်ရှာစား ဦးအောင်ကြီးက စပ်ဆိုခဲ့သည်။ သီတင်းကျွတ် လပြည့်နေ့သည် သာသနာတော်နှင့်စပ်လျဉ်း၍ ကြီးကျယ်မြင့်မြတ် ထင်ရှား သည့်နေ့တစ်နေ့ဖြစ်သည်။ သံဃာတော်များသည် ဝါဆိုလပြည့်နေ့မှ စ၍ မိမိတို့ သီတင်းသုံးနေထိုင်ရာ ကျောင်းအရာမ်အတွင်း၌ သုံးလတိတိ ရက်ပေါင်း ၉၀ ဝါဆိုဝါကပ် သီတင်းသုံးနေထိုင်တော်မူခဲ့ကြရာမှ သီတင်းကျွတ်လပြည့် နေ့မှစ၍ သာသနာပြုခရီး သွားလိုရာသို့ လွတ်လပ်စွာသွားလာခွင့် ရရှိကြပေသည်။

ထို့အပြင် သီတင်းကျွတ်လပြည့်နေ့၌ သိမ်အတွင်း သံဃာတော်များ စုပေါင်း၍ ပဝါရဏာပြုရန် ဘုရားရှင်ခွင့်ပြုတော်မူခဲ့သည်။ **"ပဝါရဏာဆိုသည်မှာ"** မထေရ်ကြီးနှင့် မထေရ်ငယ်များ သီတင်းသုံးဖော် သံဃာတော် အချင်းချင်း ဝိနည်းအပြစ်တစ်စုံတစ်ရာရှိခဲ့ပါမူ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ပြောဆိုဆုံးမရန် ဝိနည်းဒေသနာတော်အရ ဖိတ်မန္တကပြုကာ ခွင့်ပန်ကြခြင်းပင် ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာအရ သီတင်းကျွတ်လပြည့်နေ့သည် မြတ်စွာဘုရား တာဝတိံသာမှ ပြန်ကြွလာသည်ကို ရည်မှန်း၍ မီးထွန်းပွဲသဘင်ကို ရှေးခေတ်မြန်မာမင်းများ လက်ထက်မှစ၍ မီးမြင်းမိုရ်ပွဲများ ကြီးကျယ်ခမ်းနားစွာ ကျင်းပလေ့ရှိကြသည်။

မဟာအတုလမင်းကြီး၏ တူရာသီလွှမ်းချင်းတွင်-

**"လှိုင်လှိုင်သာသင်းတော့တယ်၊ ကန်မင်းငယ်တဲ့နန္ဒာ၊ လျှံဝင်းထိန်ဖြာသည်၊ ပွင့်ရွှေကြာမြိုင်မြိုင်နှင့် ကြိုင်ကြိုင်သင်းတဲ့လကိုလေး......။တူရာသီငယ် အသဝနီကြယ်မြတ်၊ ကျီးမင်းအိမ်လဲ ရောင်ရှိန်လျှပ်လို့၊ သုဒဿကယ် နန်းလို၊ မီးမြင်းမိုရ်နှင့်၊ ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်မို့၊ ဘုံထွတ်ကယ် ဉကင်၊ ပွင့်စံပယ်ရှင်သောခါ၊ တိုင်းခွင်ကြီးအောင်ချာမှာ၊ ဆီမီးဝါဝါ ထိန်ထိန်ဝင်းပါလို့ လင်းလှတယ်လေး"**

ဟု စပ်ဆိုခဲ့သည်။

ထို့အပြင် အမိအဖ၊ ဆရာသမား၊ သက်ကြီးဝါကြီးများကို ရိုသေလေးစားစွာ ကန်တော့ကြသည့် သက်ကြီးပူဇော်ပွဲများလည်း ဆင်နွှဲလေ့ရှိကြသည်။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး၍ ခြောက်ဝါအလွန် ခုနစ်ဝါအရောက်တွင် တာဝတိံသာနတ်ပြည်၌ မယ်တော်မာယာဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားကို တရားမြတ်ဖြင့် ကျေးဇူးဆပ်ရန်အတွက် သာဝတ္ထိပြည် သရက်ဖြူပင်အရင်းမှ မိစ္ဆာဒိဋ္ဌိတစ်သင်းတို့ကို တန်ခိုးတော်ဖြင့် နှိမ်နင်းခြေချွတ်တော်မူအပြီး နှစ်လှမ်းသုံးဖဝါးဖြင့် တာဝတိံသာနတ်ပြည်သို့ အရောက်ကြွတော်မူ၍ မယ်တော်မိနတ်သားအမှူးရှိသော နတ်ဗြဟ္မာများကို ဝါတွင်းသုံးလ ပတ်လုံး အဘိဓမ္မာတရား ဟောကြားတော်မူသည်။

မြတ်စွာဘုရားဟောကြားတော်မူသော ပိဋကတ်သုံးပုံတွင် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ရှိရာ သုတ္တန်ပိဋကတွင် ဓမ္မက္ခန္ဓာပေါင်း ၂၁၀၀၀၊ ဝိနည်းပိဋကတွင် ဓမ္မက္ခန္ဓာပေါင်း ၂၁၀၀၀၊ အဘိဓမ္မာပိဋကတွင် ဓမ္မက္ခန္ဓာပေါင်း ၄၂၀၀၀စီ အသီးသီးရှိကြသဖြင့် အဘိဓမ္မာပိဋကဒေသနာတော်သည် သုတ်၊ ဝိနည်း ပိဋကတို့ထက် ဓမ္မက္ခန္ဓာ အရေအတွက်အားဖြင့်သော်လည်းကောင်း၊ ဟောကြားသောနည်း အရေအတွက်အားဖြင့်သော်လည်းကောင်း သာလွန်ထူးဆန်းသည့် တရားတော်ဖြစ်ပြီး ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာစသော သဘာဝတရားများကို ခွဲခြမ်းစိတ်ဖြာ ဟောကြားထားတော်မူသဖြင့် "အဘိဓမ္မာ" ဟု အမည်ရသည်။

အဘိဓမ္မာသည် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူ၍ အရေအတွက် ခုနစ်ကျမ်းရှိသည်။

၁။ ကုသိုလ်၊ အကုသိုလ်စသောတရားတို့ကို အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူသောကျမ်းကို **"ဓမ္မသင်္ဂဏီ"** ကျမ်းဟု ခေါ်သည်။

၂။ ခန္ဓာစသောတရားတို့ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်းတို့ဖြင့် အမေးအဖြေ ပြု၍ အကျယ်ဝေဖန်ဟောကြားသောကျမ်းကို **"ဝိဘင်း"** ကျမ်းဟု ခေါ်သည်။

၃။ ဓာတ်အမျိုးမျိုး ဟောကြားသောကျမ်းကို **"ဓာတုကထာ"** ကျမ်းဟု ခေါ်သည်။

၄။ ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ခွဲခြားသတ်မှတ်အမည်တပ်၍ ဟောကြားသော ကျမ်းကို **"ပုဂ္ဂလပညတ်"** ကျမ်းဟု ခေါ်သည်။

၅။ အယူဝါဒနှင့်ဆိုင်သော စကားတို့၏တည်ရာဖြစ်၍ အဘိဓမ္မာ အနှစ်သာရတို့နှင့် ပြည့်စုံသောကျမ်းကို **"ကထာဝတ္ထု"** ကျမ်းဟု ခေါ်သည်။

၆။ အနုလုံနှင့် ပဋိလုံ၊ ပုစ္ဆာနှင့် ဝိသဇ္ဇနာ၊ သန္နိဋ္ဌာန်နှင့် သံသယအစုံစုံပြု၍ ဟောကြားသော ကျမ်းကို **"ယမိုက်"** ကျမ်းဟု ခေါ်သည်။

၇။ အကြောင်းအမျိုးမျိုးကို ဟောတော်မူသောကျမ်း၊ ကုသိုလ်စသော တရားတို့ကို ၂၄ပစ္စည်းတို့ဖြင့် ဝေဖန်အပ်သောကျမ်း၊ သဗ္ဗညုတ ဉာဏ်တော်၏ ကျက်စားရာဖြစ်သော ကျမ်းကို **"ပဋ္ဌာန်း"** ကျမ်းဟု ခေါ်သည်။

အဘိဓမ္မာတရားသည် အမိကျေးဇူးဆပ် တရားဖြစ်ခြင်း၊ နတ်ပြည်၌ ဟောကြားခြင်း၊ သုံးလကြာမျှ ဟောရခြင်း၊ ပကတိဘုရားနှင့် နိမ္မိတဘုရားတို့ တစ်လှည့်စီ ဟောကြားခြင်းဟူသော ထူးခြားချက်လေးမျိုးနှင့် ပြည့်စုံသည်။

အဘိဓမ္မာတရားသည် ပါဠိ၏နက်နဲခြင်း၊ သဘောအဓိပ္ပာယ်၏ နက်နဲခြင်း၊ ဟောကြားပုံ အစီအစဉ်၏ နက်နဲခြင်း၊ ထိုးထွင်း၍သိသော ဉာဏ်တော်၏ နက်နဲခြင်းဟူသော ဂမ္ဘီရလေးမျိုးနှင့်လည်း ပြည့်စုံသည်။

**ထွန်းထွန်းဦး (ကမ္ဘောဇရိပ်သာ)**

လူသားများအနေဖြင့် အလွန်ခက်ခဲနက်နဲသော အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလ ရက်ပေါင်း ၉၀ကြာအောင် တစ်ခုတည်းသော ဣရိယာပုထ်ဖြင့် တရားပြီးဆုံးအောင် မနာယူနိုင်ကြသဖြင့် နတ်ပြည်၌ အဘိဓမ္မာတရားကို ဟောကြားရခြင်းဖြစ်သည်။ ဝါတွင်းသုံးလသည် နတ်တို့၏ အချိန်ကာလအားဖြင့် တစ်ခဏသာဖြစ်သည်။ ဘုရားရှင်သည် လူသားဘုရားဖြစ်၍ နေ့စဉ်ဆွမ်းဘုဉ်း ပေးရန်အတွက် နိမ္မိတရုပ်ပွားတော် ဖန်ဆင်းကာ နတ်ဗြဟ္မာများကို ဆက်လက် တရားဟောကြားနေလျက် ကိုယ်တော်တိုင်မှာ လူ့ပြည်လူ့ရွာမြောက်ကျွန်းသို့ ဆွမ်းခံကြွပြီး အနောတတ် ရေအိုင်အနီးရှိ အင်ကြင်းတောတွင် ဆွမ်းဘုဉ်းပေးတော်မူစဉ် အလုပ်အကျွေးပြုရန် ရောက်ရှိလာသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကို အကျဉ်းနည်းဖြင့် ဟောကြားတော်မူသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်က လည်း တပည့်ရဟန်းငါးရာတို့ကို မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့် ဟောကြားရာ ငါးရာလုံး ရဟန္တာဖြစ်ကြသည်။

**ဤကဲ့သို့ ဘုရားရှင်သည် နတ်ပရိသတ်တို့အား အဘိဓမ္မာတရားဟောကြား ပြီးဆုံးသည့်နေ့နှင့် အရှင်သာရိပုတ္တရာက တပည့်ရဟန္တာငါးရာတို့အား တရားဟောကြားပြီးဆုံးသည့်နေ့မှာ တစ်နေ့တည်းပင်ဖြစ်သည်။ ထိုနေ့မှာပင် လူ့ပြည်သို့ ဘုရားရှင် ပြန်ကြွတော်မူလာသဖြင့် သီတင်းကျွတ်လပြည့်နေ့သည် ထူးမြတ်သော နေ့ဖြစ်သောကြောင့် "အဘိဓမ္မာအခါတော်နေ့" ဟု သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။**

ဤကဲ့သို့ ဘုရားရှင်သည် နတ်ပရိသတ်တို့အား အဘိဓမ္မာတရားဟောကြား ပြီးဆုံးသည့်နေ့နှင့် အရှင်သာရိပုတ္တရာက တပည့်ရဟန္တာငါးရာတို့အား တရားဟောကြားပြီးဆုံးသည့်နေ့မှာ တစ်နေ့တည်းပင် ဖြစ်သည်။ ထိုနေ့မှာပင် လူ့ပြည်သို့ ဘုရားရှင်ပြန်ကြွတော်မူလာသဖြင့် သီတင်းကျွတ်လပြည့်နေ့သည် ထူးမြတ်သောနေ့ဖြစ်သောကြောင့် "အဘိဓမ္မာအခါတော်နေ့"ဟု သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

ဘုရားရှင်သည် အဘိဓမ္မာတရား ဟောကြားပြီးဆုံး၍ နတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်ရာတွင် လက်ယာဘက်ရွှေစောင်းတန်းမှ နတ်ပရိသတ်၊ လက်ဝဲဘက် ငွေစောင်းတန်းမှ ဗြဟ္မာပရိသတ်များ ခြံရံလျက် အလယ်ပတ္တမြား စောင်းတန်းမှ မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ရောင်ခြည်တော်ခြောက်သွယ်ကို လောကဓာတ်တစ်ခွင်လုံး လင်းစေတော်မူလျက် တစ်လောကလုံးရှိသတ္တဝါအားလုံးကို အချင်းချင်းမြင်စေတော်မူပြီး သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသည်။

မာတလိနတ်သားက မြတ်စွာဘုရားအနီး လက်ဝဲဘက်တော်မှ နတ်ပန်း တို့ကို ယူဆောင်ကာ ရှိခိုးပူဇော်ခစားလိုက်ပါပြီး ပဥ္စသိခ်နတ်သားက လက်ယာဘက်မှ စောင်းတီးပူဇော်ရင်း လိုက်ပါပို့ဆောင်ကြသည်။ မဟာဗြဟ္မာကြီးက ဘုရားရှင်နောက်တော်ပါးမှ ထီးမိုးလိုက်ပါပြီး သုယာမနတ်သားက ယပ်ခတ်၍ လိုက်ပါလာသည်။ ထိုအချိန်က ဗုဒ္ဓအသရေတော်ကို ဖူးတွေ့လိုက်ရသော လူသားအားလုံးသည် ဇောဓိဆု(ဘုရားဆု)ကို ဆုတောင်းကြကြောင်းကို ပိဋကတ် ကျမ်းဂန်များမှာ တွေ့ရှိရသည်။

ဤသို့ တာဝတိံသာနတ်ပြည်မှ ဘုရားရှင်သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်ရာ လူ့ပြည်မှ လူများကလည်း မီးရှူးတန်ဆောင် အလင်းရောင်တို့ဖြင့် နတ်ဗြဟ္မာများနှင့် အပြိုင်ထွန်းညှိပူဇော်ကြသည့် ထုံးကိုနှလုံးမူ၍ နှောင်းခေတ်ဗုဒ္ဓဘာသာဝင်တို့သည် သီတင်းကျွတ်လပြည့်အချိန်ရောက်တိုင်း မီးမြင်းမိုရ်ပွဲ (တာဝတိံသာပွဲ) သဘင်ပြုလုပ်၍ ရောင်စုံမီးများဖြင့် မြို့တိုင်း၊ အိမ်တိုင်းတွင် ဘုရားရှင်အား ရည်မှန်းကာ ထွန်းညှိပူဇော်ကြလေသည်။

အဘိဓမ္မာတရားကို အသံမစဲ ဝါတွင်းသုံးလကာလပတ်လုံး ဟောကြားတော်မူရာ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာများ ကြွရောက်တရားနာယူခဲ့ပြီး အဘိဓမ္မာခုနစ်ကျမ်းတွင် နောက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းတော်ကြီးပြီးဆုံးသွားသောအခါ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား သောတာပန်တည်၍ ကုဋေရှစ်ဆယ်သော နတ်ဗြဟ္မာများ တရားထူးရကြကြောင်း ဓမ္မပဒ အဋ္ဌကထာ၌ ဆိုသည်။

ဘုရားရှင်သည် မိဘနှစ်ပါးတို့၏ ကျေးဇူးကို အထူးသိမြင်ပြီး ဓမ္မဖြင့် ပေးဆပ်ခဲ့သူ ဖြစ်သည်။

**"ဖွားတော်မဟာ၊ စောမာယာသည်**<br>
**လူ့ရွာကိုငြီး၊ တသီးမွေ့လျော်၊ နတ်ပြည်ပျော်လျှင်**<br>
**မိခင်ကျေးဇူး၊ မြင်းမိုရ်ဦးကို**<br>
**ဆပ်ငြားပါချင်၊ ဓမ္မသင်္ဂဏီဝိဘင်ရှသ**<br>
**သတ္တမကြို၊ ကုသိုလ်ဆယ်ဖြာ၊ ဝတိံသာ၌**<br>
**တစ်ဝါလုံးလုံး၊ သီတင်းသုံး၍**<br>
**တွက်ကြုံးအထူး၊ မွေးကျေးဇူးကို**<br>
**ချီးကျူးဟောထွေ-ဆပ်ရပေ၏"**

ဟု ရှင်မဟာသီလဝံသက ဗုဒ္ဓုပ္ပတ္တိပျို့တွင် ရေးစပ်ခဲ့သည်။

ထို့ကြောင့်လောကတွင် မိဘမေတ္တာထက်ကြီးမားသော အရာမရှိပါ။ မာတာပိတုဂုဏော အနန္တောဟု ဆိုရိုးစကားရှိခဲ့သည်နှင့်အညီ မိဘမေတ္တာနှင့် နှိုင်းယှဉ်လိုက်ပါလျှင် မြင်းမိုရ်တောင်ကြီးသည် နှံချိုပေါက်စမျှ သေးငယ်သွားရ၏။ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီ မြေပြင်သည်လည်း ဆီးရွက်ပမာမျှ သေးငယ်သွားရ၏။ မဟာသမုဒ္ဒရာ ရေများသည်လည်း ဆီးနှင်းပေါက်ပမာမျှ သေးငယ်သွားရ၏ဟု ဘုရားရှင်ဟောကြားတော်မူခဲ့သည်။ ဤမျှကျေးဇူး ကြီးမားလှသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိဘများ၏ ကျေးဇူးတရားကို သားသမီးများအနေဖြင့် ကျေးဇူးအထူးတုံ့ပြန်ရန် တာဝန်ကိုယ်စီ ရှိကြပေသည်။

**မိကိုလက်ယာ၊ ဘမှာလက်ဝဲ**<br>
**အမြဲဆောင်ရွက်၊ ပခုံးထက်သို့**<br>
**တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း**<br>
**ကျေးဇူးဂုဏ်စိုင်၊ မကုန်နိုင်ဘူး**

ဟု ပညာရှင်များ စပ်ဆိုထားသည်။

အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှု၌ **မာတာပိတုဥပဋ္ဌာနံ** ဟူသော မင်္ဂလာ တရားတော်နှင့်အညီ မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးခြင်းသည် မင်္ဂလာတစ်ပါးပင် ဖြစ်သည်။

ထို့ကြောင့် မိဘကျေးဇူးကို အကျေဆပ်နိုင်ခဲ့သော ဘုရားရှင်ကို စံနမူနာ အတုယူပြီး မိဘများသာမက ကျေးဇူးရှင်ဆရာသမားတို့၏ ကျေးဇူးဂုဏ်ကိုလည်း အထူးနားလည်သိမြင်၍ ကျေပွန်အောင် ပေးဆပ်နိုင်ကြရမည်။

ထို့အပြင် ခင်ပွန်းကြီးဆယ်ပါးနှင့်အတူတကွ ကျေးဇူးရှင်အားလုံးတို့ရဲ့ အပေါ် ကျေးဇူးတရားများကို သိနားလည်ပြီး ပေးဆပ်ရန် လိုအပ်သည်။

ဤကဲ့သို့ လေးစားမြတ်နိုးဖွယ်ရာ ကောင်းသော မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ ကောင်းကို သမိုင်းစဉ်ဆက် မပျောက်ပျက်ရလေအောင် သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းမြှင့်တင်လျက် **အဘိဓမ္မာအခါတော်နေ့မှစ၍** ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမား ဟူသော အနန္တောအနန္တ ငါးပါးတို့၏ ကျေးဇူးဂုဏ်ကို အထူးအောက်မေ့ အမှတ်ရကာ ဂုဏ်ပြုပူဇော်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရသည်။ ။

**မြောင်းမြမြို့ ၁ရပ်ကွက် အရှေ့စံပြ ၂လမ်း အမှတ် ၇၃ နေ ကွယ်လွန်သူ ဦးထွေးညွန့်အား ရည်စူး၍ ဒေါ်သိန်းရွှေနှင့် သားသမီးများက သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)



**အောက်တိုဘာ ၂၄ရက်က တပ်မတော် ခန်းမတွင် ကျင်းပ ပြုလုပ်သည့် မြန်မာ ပရိဘောဂပြပွဲ ၂၀၀၄ တတိယမြောက်နေ့တွင် ပြပွဲလာ စီးပွားရေး လုပ် ငန်း ရှင် များ က ပြခန်းများအား စိတ်ဝင်စားစွာ ကြည့်ရှုစဉ်။**

(က-ပ)





ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အိုးစည်အဆင့်မြင့်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်မင်းသိန်းထွန်းနှင့်အဖွဲ့ ယှဉ်ပြိုင်နေစဉ်။ (မြန်မာ့အလင်း)

▼ ကျောဖုံးမှ

စာပေနှင့်ဂီတပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို လေးစားချစ်ခင် မြတ်နိုးကြသော ပြည်သူများ လာရောက် နားသောတဆင် ကြည့်ရှုအားပေးကြသည်။

**အကဲဖြတ်အမှတ်ပေး**

ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ)ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင်နီယာဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များကကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

**ဓမ္မပူဇာတေးအဆို**

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ်(အမျိုးသမီး) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲကို ကျင်းပရာ ရွှေတိုင်ညွန့်ရေးစပ်သီကုံးပြီး ဒေါ်ကြည်အောင်သီဆိုခဲ့သည့် **‘တေဇသုနေမ’** သီချင်းဖြင့် မန္တလေးတိုင်းမှ မပွင့်ဖြူ၊ ပဲခူးတိုင်းမှ မချစ်ယု၊ ရှမ်းပြည်နယ်မှ မနန်းယိမ်းနွမ်ခမ်း၊ မွန်ပြည်နယ်မှ မချိုဇာဟိန်း၊ တနင်္သာရီတိုင်းမှ မချယ်ရီဝေ၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ မန္တလေးတိုင်းမှ မငယ်ငယ်စိုး၊ ရန်ကုန်တိုင်းမှ မနှင်းအေးဝေ၊ ချင်းပြည်နယ်မှ မဒိန်းရှန်ဇို၊ မကွေးတိုင်းမှ မအိချောချောစု၊ ရန်ကုန်တိုင်းမှ မဖြူစင်သူ(ခ)စပယ်ဖြူသိန်း၊ ကချင်ပြည်နယ်မှ မမျိုးထွယ်ပန်၊ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်၊ ရခိုင်ပြည်နယ်မှ မဇင်သူမိုး၊ ဧရာဝတီတိုင်းမှ မဇင်ပြည့်ပြည့်ဖြိုးနှင့် ကယားပြည်နယ်မှ မချောစုတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

**တေးအဆိုပြိုင်**

ထို့နောက် ပညာရှင်အဆင့် (အမျိုးသား)ခေတ်ဟောင်း/ကာလပေါ် တေးအဆိုပြိုင်ပွဲကို မွန်းလွဲ၁နာရီတွင် ဆက်လက်ကျင်းပရာဂီတလုလင်မောင်ကိုကို ရေးစပ်သီကုံးပြီး ၎င်းကိုယ်တိုင်သီဆိုသည့် **‘မာန်’** သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ရဲထိုက်၊ မွန်ပြည်နယ်မှ ဦးမင်းဟန်၊ ရခိုင်ပြည်နယ်မှ ဦးစန်းလွင်၊ ပဲခူးတိုင်းမှ ဦးထွန်းအောင်ကျော်၊ မန္တလေးတိုင်းမှ ဦးကံမြင့်ဝင်း၊ ရန်ကုန်တိုင်းမှ ဦးမင်းရဲထွန်း၊ မကွေးတိုင်းမှ ဦးမြစန်း၊ ဧရာဝတီတိုင်းမှ ဦးထွန်းမင်းလှိုင်၊ ကယားပြည်နယ်မှ မောင်ဇော်မင်းထွန်း၊ ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်း၊ စစ်ကိုင်းတိုင်းမှ ဦးဇော်မင်းအောင်နှင့် မန္တလေးတိုင်းမှ ဦးမျိုးမင်းထွန်း(ခ)ထာဝရမျိုးလေးတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ၁၂ ရက်မြောက်နေ့ အဆိုပြိုင်ပွဲ အစီအစဉ်များကို မွန်းလွဲ ၂နာရီ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင် ပညာရှင်အဆင့်(အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်(အမျိုးသား)ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ်(အမျိုးသား) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲတို့ကိုလည်းကောင်း အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**အရေးပြိုင်ပွဲ**

ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရေးသားခဲ့ကြသော သီချင်းစာသားများကို တူရိယာများ၊ အနုပညာရှင်များနှင့် တွဲဖက်၍ သီဆိုပြိုင်ပွဲဝင်ခြင်းကို နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ ပညာရှင်အဆင့် အရေးပြိုင်ပွဲတွင်**‘ပြည်ထောင်စုအားမာန်အမြဲရှင်သန်’**သီချင်းခေါင်းစဉ်ဖြင့် ကယားပြည်နယ်မှ ဦးစိုးမိုးအောင် (မြန်မာစာ)၊ မန္တလေးတိုင်းမှ ဦးမျိုးသူ၊ ဧရာဝတီတိုင်းမှ ဦးဉာဏ်ဝင်းမောင်၊ မန္တလေးတိုင်းမှ ဦးရှိုင်းဗိုလ်၊ ရန်ကုန်တိုင်းမှ ဦးမိုးခင်ကျော်နှင့် တွံတေးစံမြင့်ဝင်း၊ ရခိုင်ပြည်နယ်မှ ဦးကျော်မြင့်၊ မွန်ပြည်နယ်မှ ဦးမြင့်မြိမ်း၊ ရှမ်းပြည်နယ်မှ ဦးဝင်းလှိုင်၊ ကရင်ပြည်နယ်မှ ဦးနိုင်လင်း၊ စစ်ကိုင်းတိုင်းမှ ဦးအောင်နိုင်နှင့် မကွေးတိုင်းမှ ဦးမြဦးတို့ ရေးသားယှဉ်ပြိုင်ခဲ့ကြသော သီချင်းစာသားများကို တူရိယာများ၊ အနုပညာရှင်များနှင့် တွဲဖက်၍ သီဆိုပြိုင်ပွဲဝင်ကြသည်။

အရေးပြိုင်ပွဲကို အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဘိုကလေးဦးတင့်အောင်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

အောက်တိုဘာ ၂၆ ရက်တွင် ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်နှင့် အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရေးသားခဲ့ကြသော သီချင်းစာသားများကို တူရိယာ၊ အနုပညာရှင်များနှင့် တွဲဖက်၍ သီဆိုပြိုင်ပွဲဝင်ခြင်းကို ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**နဲပြိုင်ပွဲ**

ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ နဲပြိုင်ပွဲကို နံနက်၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် နဲပြိုင်ပွဲတွင် **‘မှန်ရဝေ(ပတ်ပျိုး)’** သီချင်းဖြင့် မကွေးတိုင်းမှ ဦးဉာဏ်ရွှေ၊ ဧရာဝတီတိုင်းမှ ဦးကိုကြည်၊ ရန်ကုန်တိုင်းမှ ဦးလှသိန်း၊ မန္တလေးတိုင်းမှ ဦးစန်းလွင်၊ ရခိုင်ပြည်နယ်မှ ဦးမြင့်အောင်၊ ပဲခူးတိုင်းမှ ဦးထွန်းသန်း၊ မန္တလေးတိုင်းမှ ဦးတာနော့နှင့် ရန်ကုန်တိုင်းမှ ဦးမျိုးမင်းသန်းတို့ ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို နံနက် ၁၁ နာရီခွဲတွင် ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် နဲပြိုင်ပွဲကို မွန်းလွဲ၁နာရီတွင် ဆက်လက်ကျင်းပရာ **‘နှစ်ကိုယ်သစ္စာ(ပတ်ပျိုး)’**သီချင်းဖြင့် မကွေးတိုင်းမှမောင်မင်းဆွေ၊ ဧရာဝတီတိုင်းမှ မောင်ဇော်မျိုးဝင်း၊ မန္တလေးတိုင်းမှ မောင်သိန်းဇော်၊ ရန်ကုန်တိုင်းမှ မောင်နေဝင်း၊ ရန်ကုန်တိုင်းမှ စိန်သန်းဇော်(ခ)သန်းထိုက်၊ ကချင်ပြည်နယ်မှ မောင်အောင်ကြည်မိုးနှင့်မန္တလေးတိုင်းမှ မောင်စည်သူမျိုးတို့ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့်နဲပြိုင်ပွဲကိုကျင်းပရာ**‘ချစ်သမျှကို(ပတ်ပျိုး)’**သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ကျော်စွာသွင်၊ ရန်ကုန်တိုင်းမှ မောင်ရဲဝင်းသန်း၊ မန္တလေးတိုင်းမှ မောင်တင်မျိုးလွင်နှင့်မွန်ပြည်နယ်မှ မောင်ဇော်မျိုးသက်တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ နဲပြိုင်ပွဲကို အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးမြကြီးနှင့်အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

အောက်တိုဘာ ၂၆ရက် နံနက်ပိုင်းတွင် ပညာရှင်အဆင့် (အမျိုးသမီး) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ်(အမျိုးသမီး) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲနှင့်အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသမီး)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတို့ကိုလည်းကောင်း ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**အိုးစည်အတီးပြိုင်ပွဲ**

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အိုးစည်အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ အိုးစည်အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အိုးစည်အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် အိုးစည်အတီးပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မောင်အောင်သိန်းမြင့်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်မင်းသိန်းထွန်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင် ကျော် ကျော် ထွန်း နှင့် အ ဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်မိုးနိုင်အောင်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ဗိုလ်နိုင်(ခ)အောင်ဟိန်းနှင့်အဖွဲ့တို့ ပါဝင်ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် အိုးစည်အတီးပြိုင်ပွဲကို မွန်းလွဲ၁နာရီတွင် ဆက်လက်ကျင်းပရာရန်ကုန်တိုင်းမှမောင်ဇော်မင်း(ခ)ဖိုးလပြည့်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သီဟဇော်နှင့်အဖွဲ့၊ ကယားပြည်နယ်မှ မောင်ထွန်းဖေ(ခ) လော်ရင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်သုတထွန်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ဘိုဘိုနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်မင်းကိုကို(ခ) စိန်ဗိုလ်ထွားနှင့်အဖွဲ့တို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

**ကျင်းပမည်**

အောက်တိုဘာ ၂၆ရက် နံနက်ပိုင်းတွင် ပညာရှင်အဆင့် အိုးစည်အတီးပြိုင်ပွဲကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အိုးစည်အတီးပြိုင်ပွဲကိုလည်းကောင်း အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)



ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မရူပါရွှေ ပါဝင်ယှဉ်ပြိုင်နေစဉ်။ (မြန်မာ့အလင်း)

## နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း ဩစတြီးယားနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၂၆

၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့၌ ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဩစတြီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဘင်နီတာ၊ ဖဲရဲရို–ဝေါ(ဒ်)နာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ဘဒ္ဒန္တဉာဏောဘာသ (ကညင်ကုန်း) တရားစခန်းပွဲများ

ရန်ကုန် အောက်တိုဘာ ၂၅

ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းရွာ ပုဗ္ဗာရာမအရှေ့ကျောင်း မိုးကုတ်အဖွဲ့ခွဲ(၂၉၁)တွင် နိုဝင်ဘာ ၂ ရက်မှ ၁၁ ရက်အထိ ၁၀ ရက်စခန်း၊ တာမွေမြို့နယ် ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ နိုဝင်ဘာ ၁၅ ရက်မှ ၂၄ ရက်အထိ ၁၀ ရက်စခန်းနှင့် တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက် ဗဟိုဓမ္မာရုံ၌ ဒီဇင်ဘာ ၇ ရက်မှ ၁၆ ရက်အထိ ၁၀ ရက် စခန်းပွဲများကို ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ(ကညင်ကုန်း)က ခန္ဓာဉာဏ်ရောက် သစ္စာတရားများ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

## ပုညာရာမဆရာတော် တရားပွဲများ

ရန်ကုန် အောက်တိုဘာ ၂၅

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ကန်ညီနောင်ဓမ္မရိပ်သာ၌ အောက်တိုဘာ၂၉ ရက်မှ နိုဝင်ဘာ၄ရက်အထိ ခုနစ်ရက်တရားစခန်း၊ ရန်ကုန်မြို့ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၌ နိုဝင်ဘာ ၅ ရက်မှ ၁၄ ရက်အထိ ၁၀ ရက်တရားစခန်းနှင့်သာကေတမြို့နယ် ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ နိုဝင်ဘာ ၁၅ ရက်မှ ၂၆ ရက်အထိ ၁၀ ရက် တရားစခန်းပွဲများကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာကေတမြို့နယ် ပုညာရာမကျောင်းတိုက်၏ပဓာန နာယကဆရာတော် ဘဒ္ဒန္တပုညာနန္ဒက ခန္ဓာဉာဏ်ရောက် သစ္စာတရားတို့ကို ဟောကြားပြသမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

## ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ | | (အမျိုးသားပြတိုက်) | (အမျိုးသားဇာတ်ရုံ) | (ကမ္ဘောဇဇာတ်ရုံ) | (ကမ္ဘောဇဇာတ်ရုံ) | (ပဒုမ္မာဇာတ်ရုံ) |
|---|---|---|---|---|---|---|
| စဉ် | ရက်စွဲ | အဆို | အတီး | အရေး | အတီး | အတီး |
| ၁၃။ | ၂၆–၁၀–၂၀၀၄ (အင်္ဂါနေ့) | **ခေတ်ဟောင်း/ကာလပေါ်** (နံနက်)<br>(၁) ပညာရှင်(မ)<br>(၂) အခြေခံ(၅–၁၀)(ကျား)<br>**ဓမ္မပူဇာတေး** (နေ့လယ်)<br>(၃) အခြေခံ(၁၀–၁၅) (ကျား) | **အိုးစည်**<br>(၁) ပညာရှင်(နံနက်)<br>(၂) အခြေခံ(၁၅–၂၀) (နေ့လယ်) | **အရေးသီချင်းပြိုင်ပွဲ**<br>(၁) အခြေခံ(၅–၁၀) (နံနက်)<br>(၂) အဆင့်မြင့် (နေ့လယ်) | | **ဆိုင်းအဖွဲ့လိုက်**<br>(၁) ပညာရှင်(မ) (နံနက်)<br>(၂) အခြေခံ(၁၅–၂၀)(မ) (နေ့လယ်)<br>(၃) အခြေခံ(၅–၁၀)(မ) (နေ့လယ်) |
| ၁၄။ | ၂၇–၁၀–၂၀၀၄ (ဗုဒ္ဓဟူးနေ့) | **မဟာဂီတ** (နံနက်)<br>(၁) ဝါသနာရှင် (ကျား)<br>**မဟာဂီတ** (နေ့လယ်)<br>(၂) အခြေခံ(၅–၁၀)(မ) | **အိုးစည်**<br>(၁) ဝါသနာရှင်(နံနက်)<br>(၂) အခြေခံ(၅–၁၀) (နေ့လယ်) | | **ဂီတာ**<br>(၁) အခြေခံ(၅–၁၀) (ကျား+မ)(နံနက်)<br>(၂) ဝါသနာရှင် (ကျား+မ)(နေ့လယ်) | **ဆိုင်းတစ်ဦးချင်း**<br>(၁)အခြေခံ(၁၀–၁၅)(ကျား) (နံနက်)<br>(၂)အခြေခံ(၅–၁၀)(ကျား) (နေ့လယ်) |



အောက်တိုဘာ ၂၄ရက်က အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးတင်ဝင်းနှင့်ဇနီး ပါမောက္ခ ဒေါ်ခင်နုတို့က အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (အလုပ်သမား)

# တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း ဒေသခံကုန်သည်များ၊ စိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များနှင့်တွေ့ဆုံ ပြည်ပသို့တင်ပို့နိုင်မည့် သီးနှံမျိုးစုံတိုးချဲ့စိုက်ပျိုးရေးမှာကြား

ရန်ကုန် အောက်တိုဘာ ၂၅

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ၂၃ရက် နံနက်ပိုင်းက အောင်ပန်းမြို့နယ်အတွင်းရှိ လိမ္မော်စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းကို လည်းကောင်း၊ ညောင်ရွှေမြို့နယ်အတွင်းရှိ ကုဋ္ဌိတံစိုက်ပျိုးရေးအဖွဲ့မှ ဆောင်ရွက်နေသည့် ပျားလိမ္မော်၊ ဆန်းကစ်နှင့် စပျစ်စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းကိုလည်းကောင်း လေ့လာကြည့်ရှုပြီး တိုးချဲ့စိုက်ပျိုးထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်မည့် လုပ်ငန်းအဆင့်ဆင့်ကို ကူညီပံ့ပိုးမည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။**

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီးတို့သည် မွန်းလွဲပိုင်းတွင် ပြည်နယ်ရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံကုန်သည်များ၊ စိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ပြည်ပသို့ တင်ပို့နိုင်မည့် သီးနှံမျိုးစုံ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး၊ ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး၊ထိုသို့တင်ပို့ရာတွင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ဝန်ကြီးဌာနတို့မှပံ့ပိုးကူညီမည့် အခြေအနေများကို အသေးစိတ် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒေသခံကုန်သည်များနှင့် စိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မြန်မာ့ဂုဏ်ရောင်အိမ်ရာ မြို့ဦး ပရိယတ္တိ စာသင်တိုက်၌ အထက(၂)တာမွေ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ၊ ပညာရေးမိသားစုများက(၁၀)ကြိမ်မြောက် ဆွမ်းဆန်တော်ဘုဒ်ကို အောက်တိုဘာ၂၄ ရက်က စာသင်တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကုမုဒ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (၁၁၅)



နာယက ဆရာကြီးဦးဝင်းကြိုင် (ဓမ္မာစရိယ)၊ ကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (တော်ဝင်ထွန်းကုမ္ပဏီ) အထက်တန်းပြ(ငြိမ်း)၊ ဦးမင်းစိန် (တရားရုံးချုပ်ရှေ့နေ)နှင့် အထက(၁) မရမ်းကုန်း ကျောင်းအုပ်ဆရာကြီး ဦးရှိန်းလိမ်းအောင်တို့က ဂုဏ်ပြုစကားပြောကြားကြပြီး ကော်မတီအတွင်းရေးမှူး ဦးတင်ဝင်း(MOT နို့ဆီလုပ်ငန်း)က ဆုချီးမြှင့်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## (၁၅)ကြိမ်မြောက် စန္ဒိမာ ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၅**

(၁၅)ကြိမ်မြောက် စန္ဒိမာပညာရည်ချွန်ဆုနှင်းပွဲအခမ်းအနားကိုအောက်တိုဘာ၂၃ရက် မွန်းတည့်၁၂နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း စန္ဒိမာခန်းမဆောင်တွင် ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဆုချီးမြှင့်ရေးကော်မတီ

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ၂၀၀၃-၂၀၀၄ခုနှစ် အခြေခံပညာအထက်တန်းတွင်အထက(၁)မရမ်းကုန်းမှ အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့ကြသော မောင်စောပြည့်စုံဖြိုး (သိပ္ပံတွဲပထမ ငါးဘာသာဂုဏ်ထူးရှင်) **(အပေါ်ဝဲပုံ)** မောင်လွင်မောင်မောင် (ဝိပ္ပံတွဲပထမ)နှင့် မအေးစန္ဒာခိုင် (ဝိဇ္ဇာတွဲပထမ)တို့သုံးဦး၊ အမှတ်အများဆုံး ကျောင်းသား၊ ကျောင်းသူ ၁၀ဦးနှင့် အမက(၂)နှင့် အထက(၁) မရမ်းကုန်းမှ အတန်းအလိုက် အမှတ်အများဆုံး ကျောင်းသား၊ ကျောင်းသူများအား နာယကကြီးများ၊ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အလှူရှင်များက ငွေပဒေသာပင်များ စိုက်ထုတ်လှူဒါန်းကြသည်။ **(က-ပ)**

## ပေးအပ်လှူဒါန်း



**အောက်တိုဘာ၁၇ရက်က ပြင်သစ်နိုင်ငံပါရီမြို့ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟို) (ဗဟန်း၃လမ်းမှတ်တိုင်)အနီးတွင် ဒေါ်သန်းသန်း ဌာနမှူး (ငြိမ်း) မြန်မာ့အထည်အလိပ်လုပ်ငန်းစက်မှု(၁)၏(၇၅)နှစ်ပြည့်မွေးနေ့ အလှူတော်ငွေ ကျပ်နှစ်သိန်းကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏(၁၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အောက်တိုဘာ ၃၀ ရက်(စနေနေ့) ညနေ၃နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ် ခန်းမဆောင်တွင်ကျင်းပရန် စီစဉ်ထားသည်။

အစည်းအဝေးသို့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ ဗဟိုလုပ်ငန်းကော်မတီဝင်များနှင့် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ အသင်းသား အသင်းသူ၊ အသင်းဝင်များထံသို့ဖိတ်ကြားစာများပေးပို့ထားပြီးဖြစ်ရာ မပျက်မကွက် တက်ရောက် ကြပါရန် ဗဟိုအလုပ်အမှုဆောင်ကော်မတီကနှိုးဆော်ထားသည်။ **(က-ပ)**




**အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရရှိသူများအား ကျောင်းခန်းမ၌ ဆုချီးမြှင့်ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည်က ငါးဘာသာဂုဏ်ထူးရှင် မကေသရီစိုးအား ဆုချီးမြှင့်စဉ်။** (၀၄၆)


## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။


**ဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင်အမ်ဘီအေ)အသင်း နှစ်(၁၀၀)ပြည့် ကျင်းပရေး ကော်မတီသို့ အလှူရှင် ဦးဝင်းကြည်-ဒေါ်ထက်ထက်အောင် (ပွင့်ဖြိုးအောင်ဝင်းကြည် ဆောက်လုပ်ရေးလုပ်ငန်း)က အလှူငွေကျပ်တစ်သိန်း ပေးအပ်ပွဲကို အောက်တိုဘာ၂၃ ရက်က ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိ အသင်းတိုက်၌ကျင်းပရာ အလှူရှင်များက အသင်းဘဏ္ဍာရေးမှူး ဦးစိန်လှအောင်ထံပေးအပ်လှူဒါန်းစဉ်။** (၃၅၂)



## ဆီမီးတစ်ထောင် ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၅)ရပ်ကွက် ဝိသုဒ္ဓါရာမအေးစေတီကျောင်းတိုက်တွင် ပဓာနနာယကဆရာတော်ဦးစီး၍ တပည့်ဒါယကာ ဒါယိကာမများက ဝါကျွတ်ပွဲတော်အဖြစ် ကမ္ဘာအေးစေတီတော်မြတ်ကြီးအား ခုနစ်ကြိမ်မြောက် ဆွမ်းတော်ကြီးကပ်လှူပွဲတွင် အလှူရှင်၃၁ ဦးတို့က စတုဒိသာနိဗ္ဗာန်ဈေးကျွေးမွေးလှူဒါန်းပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲ၊ ဆီမီးတစ်ထောင်ပူဇော်ပွဲတို့ကို အောက်တိုဘာ၂၇ရက် (သီတင်းကျွတ်လဆန်း ၁၄ရက်)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

## ထားဝယ်ရှေးမြို့ဟောင်းနေရာများ စူးစမ်းလေ့လာ

**ရန်ကုန် အောက်တိုဘာ ၂၅**

ယဉ်ကျေးမှု ဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်သည် ယဉ်ကျေးမှုဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာဖေဉာဏ် လိုက်ပါလျက် အဖွဲ့ဝင် နှစ်ဦးနှင့်အတူ ထားဝယ်ခရိုင်အတွင်းရှိ ရှေးဟောင်းမြို့များကို စူးစမ်းလေ့လာရန်အတွက် အောက်တိုဘာ ၁၃ရက်က ထားဝယ်မြို့သို့ ရောက်ရှိသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ထားဝယ်မြို့နယ် ရှင်မုတ္တီးရွာအနီးရှိ ရှင်မုတ္တီးမြို့ဟောင်း၊ လောင်းလုံးမြို့နယ် မြို့ဟောင်းရွာအနီးရှိ သာဂရမြို့ဟောင်း၊ ဝေဒီရွာရှိ ဝေဒီမြို့ဟောင်းနှင့် ထားဝယ်မြို့ ရွှေတောင်စားဘုရားကြီးဝင်းအတွင်းရှိ ရှေးဟောင်းပစ္စည်းထိန်းသိမ်းရေး ထားဝယ်ပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

## အဆင့်မြင့်တန်းပတ်လည်ဘောလုံးပြိုင်ပွဲဆက်

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အဆင့်မြင့်တန်းပတ်လည်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ အုပ်စု(ဃ)မှ လယ်ယာထွက်ကုန်အသင်းနှင့်ဆောက်လုပ်ရေးအသင်းတို့ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

အုပ်စု(ဃ)တွင် လယ်ယာထွက်ကုန်အသင်း၊ ဆောက်လုပ်ရေးအသင်းနှင့်ဘဏ္ဍာ/အခွန်အသင်းတို့ပါဝင်ရာ လက်ကျန်ပွဲစဉ်များအဖြစ် အောက်တိုဘာ ၃၀ရက်တွင် ဘဏ္ဍာ/အခွန်အသင်းနှင့်ဆောက်လုပ်ရေးအသင်း၊ နိုဝင်ဘာ ၄ရက်တွင် လယ်ယာထွက်ကုန်အသင်းနှင့်ဘဏ္ဍာ/အခွန်အသင်းတို့ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

### ယနေ့ပွဲ

အောက်တိုဘာ ၂၆ရက်**(ယနေ့)** ညနေ ၃နာရီခွဲတွင်လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ သစ်တောရေးရာအသင်းနှင့် မြို့တော်စည်ပင်အသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြည်ထဲရေးအသင်းနှင့်လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**



## အသက် ၁၈ နှစ်အောက် ကမ္ဘာ့လူငယ်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပသည့် အသက် ၁၈နှစ်အောက် ကမ္ဘာ့လူငယ်တင်းနစ်ပြိုင်ပွဲ (1st Myanmar Junior World Ranking Tennis Tournament Grade - 5) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။**

### တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd.)၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီးနှင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ ကမ္ဘာ့နိုင်ငံ အသီးသီးမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်လူငယ်တင်းနစ် အားကစားသမားများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ တင်းနစ် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်နိုင်ငံများမှ လူငယ်တင်းနစ်အားကစားသမားများ နေရာယူကြပြီးနောက် တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်၍ ဝန်ကြီးများနှင့်တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကို အလေးပြုကြသည်။

### အဖွင့်အမှာစကားပြော

ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယကက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယကနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ( Max Myanmar Co., Ltd. )တို့က အသက် ၁၈နှစ်အောက် ကမ္ဘာ့လူငယ်တင်းနစ်ပြိုင်ပွဲကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ပြိုင်ပွဲဝင်အားကစားအဖွဲ့ဝင်များ၊ အထူးဧည့်သည်တော်များအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က Indoor Tennis Courts ၌ နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

### ပါဝင်ယှဉ်ပြိုင်

အဆိုပါ အသက် ၁၈နှစ်အောက် ကမ္ဘာ့လူငယ် တင်းနစ်ပြိုင်ပွဲသို့ သြစတြေးလျနိုင်ငံမှ အားကစားသမားနှစ်ဦး၊ တရုတ်တိုင်ပေမှ အားကစားသမား ၁၁ ဦး၊ အင်္ဂလန်နိုင်ငံမှ အားကစားသမားနှစ်ဦး၊ အိန္ဒိယသမ္မတနိုင်ငံမှ အားကစားသမား ၁၆ ဦး၊ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ အားကစားသမား ၁၄ ဦး၊ ဂျပန်နိုင်ငံမှ အားကစားသမား နှစ်ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ အားကစားသမား လေးဦး၊ မလေးရှားနိုင်ငံမှ အားကစားသမား ၁၀ ဦး၊ အိမ်ရှင်မြန်မာနိုင်ငံမှ အားကစားသမား ၁၇ ဦး၊ နယူးဇီလန်နိုင်ငံမှ အားကစားသမားတစ်ဦး၊ ဖိလစ်ပိုင်သမ္မတနိုင်ငံမှ အားကစားသမား ခုနစ်ဦး၊ စင်ကာပူသမ္မတနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ အားကစားသမား သုံးဦးစီ၊ ထိုင်းနိုင်ငံမှ အားကစားသမား ၂၅ ဦး၊ အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့မှ အားကစားသမား တစ်ဦးစီ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲ၏ ပထမနေ့ လက်ရည်စစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် စတင်ကျင်းပရာ ညနေပိုင်းတွင် ပြိုင်ပွဲ ၁၆ပွဲ ကျင်းပပြီးစီးသွားသည်။

### ဆက်လက်ကျင်းပမည်

အောက်တိုဘာ ၂၆ရက် နံနက် ၈နာရီတွင် အဆိုပါ သိမ်ဖြူတင်းနစ်ကွင်း၌ လက်ရည်စစ်ပြိုင်ပွဲကို ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ● *ကျောဖုံးမှ*

သစ်တောရေးရာအသင်းက ခုနစ်ပွဲကစား ၁၈မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်လျက်ရှိသည်။ စီးပွား/ကူးသန်းအသင်းက ခြောက်ပွဲကစား ၁၆မှတ်ဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးအသင်းက ခုနစ်ပွဲကစား ၁၆မှတ်ဖြင့် တတိယရရှိနေသည်။

ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက ရှစ်ပွဲကစား ၁၆မှတ် ရရှိထားသော်လည်း ဂိုးကွာခြားချက်အရ စတုတ္ထနေရာ၌ ရပ်တည်နေသည်။ မြို့တော်စည်ပင်အသင်းက ရှစ်ပွဲကစား ၁၄ မှတ်၊ ပို့ဆောင်ရေးအသင်းက ရှစ်ပွဲကစား ၁၄မှတ်၊ လယ်ယာထွက်ကုန်အသင်းက ခုနစ်ပွဲကစား ၁၀မှတ်၊ ဘဏ္ဍာ/အခွန်အသင်းက သုံးပွဲကစား ကိုးမှတ်၊ တံခွန်အသင်းက ခြောက်ပွဲကစား ကိုးမှတ်၊ စွမ်းအင်အသင်းက ခုနစ်ပွဲကစား ရှစ်မှတ်၊ ပြည်ထဲရေးအသင်းက ခုနစ်ပွဲကစား ရှစ်မှတ်၊ ကမ္ဘောဇအသင်းက ခြောက်ပွဲကစား ခြောက်မှတ်၊ လယ်ယာ/ဆည်မြောင်းအသင်းက ခြောက်ပွဲကစား ခြောက်မှတ်၊ တပ်မတော်(ကြည်း)အသင်းက ခုနစ်ပွဲကစား ငါးမှတ်ရရှိထားကြသည်။ ပတ္တမြားနဂါးအသင်းက ခုနစ်ပွဲကစား ခုနစ်ပွဲရှုံး၊ မလိခအသင်းက ခြောက်ပွဲကစား ခြောက်ပွဲရှုံးကာ အမှတ်မရသေးဘဲ အမှတ်ပေးဇယားအောက်ဆုံး၌ ရပ်တည်နေကြသည်။

### လက်ရှိချန်ပီယံ

၂၀၀၃–၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းမှာ ဘဏ္ဍာ/အခွန်ဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းသည် အိန္ဒိယဘောလုံးအဖွဲ့ချုပ်ဒိုင်း ဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့်အတွက် ယခုအခါ အမှတ်ပေးပွဲသုံးပွဲသာ ကစားထားရသေးသည်။ ကစားပြီးသုံးပွဲတွင် ၁၇ဂိုးသွင်းပြီး ပေးဂိုးမရှိသေးပေ။ လက်ရှိအနေအထားတွင် ပေးဂိုးလုံးဝမရှိသေးသော အသင်းမှာ ဘဏ္ဍာ/အခွန်အသင်း တစ်သင်းသာရှိသည်။

ယခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ပုံစံသစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဆုကြေးများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များ ပြီးဆုံးပါက အဆင့်(၁)မှ အဆင့် (၈)အတွင်းရရှိကြသော အသင်းများ ဒုတိယအကျော့ထပ်မံကစားပြီး ချန်ပီယံမည်သူဖြစ်သည်ကို အဖြေထုတ်မည်ဖြစ်သည်။ အဆင့် (၉) မှ အဆင့်(၁၆)အတွင်း ရရှိကြသော အသင်းများက အတန်းမဆင်းရေးအတွက် ဒုတိယအကျော့ ထပ်မံယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယခုနှစ် အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲတွင် ပထမရရှိသောအသင်းကို ငွေကျပ် သိန်း ၆၀၊ ဒုတိယရရှိသောအသင်းကို ငွေကျပ် သိန်း ၄၀ချီးမြှင့်ရန် စီစဉ်ထားကြောင်းသိရသည်။

### အကြိတ်အနယ်

၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲသည် ယခင်နှစ်များကနှင့်မတူဘဲ အသင်းများအတွက် မက်လုံးရှိနေသည်။ အမှတ်ပေးချန်ပီယံအသင်းသည် အာဆီယံကလပ်ချန်ပီယံလုပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည့်အပြင် ဆုကြေးကျပ် သိန်း၆၀ရမည်ဖြစ်ရာ ကြိုးတောင့်ကြိုးခဲအခွင့်အရေးပင်ဖြစ်သည်။ ယခုကစားထားသည့် အနေအထားအရ အဆင့်မြင့်တန်း အမှတ်ပေးချန်ပီယံဆုအတွက် အလားအလာအကောင်းဆုံးနှစ်သင်းမှာ ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်းတို့ဖြစ်ကြသည်။

သစ်တောရေးရာအသင်းသည် လက်ရှိအနေအထားတွင် ထိပ်ဆုံး၌ ရပ်တည်နေသော်လည်း ဘဏ္ဍာ/အခွန်၊စီးပွား/ကူးသန်းတို့နှင့် ပွဲအရေအတွက်ချင်းတူပါက ထိပ်ဆုံးနေရာမှ ဖယ်ပေးရဖွယ်ရှိသည်။

ယမန် နှစ် အမှတ်ပေးပြိုင်ပွဲ၌ ဒုတိယရရှိခဲ့သော စွမ်းအင်အသင်းမှာလည်း ယခုအခါ ခြေစွမ်းမပြနိုင်ဘဲဖြစ်နေရာ ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်း တို့သာလျှင် အမှတ်ပေး ချန်ပီယံဆုအတွက် အကြိတ်အနယ်ပြိုင်ရဖွယ်ရှိကြောင်း ဖော်ပြရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

## ချယ်လ်ဆီးအသင်းက ဘလက်ဘန်းကို ဂိုးပြတ်နိုင်

**အင်္ဂလန် အောက်တိုဘာ ၂၄**

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲများကို စနေနေ့က ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ချယ်လ်ဆီးနှင့် ဘလက်ဘန်းအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ချယ်လ်ဆီးအတွက် အီဒါဂတ်ဂျွန်ဆင်က သူ၏ ပထမဆုံးသော ဟက်ထရစ်သွင်းပေးခဲ့ကာ လေးဂိုး–ဂိုးမရှိဖြင့် ဘလက်ဘန်းကို ဖြိုခွင်းခဲ့သည်။

အဲဗာတန်နှင့် နော့ဝှစ်စီးတီးတို့ပွဲတွင် လူစားဝင်လာသည့် တိုက်စစ်မှူး ဒတ်ချ် ဘောလုံးသမား ဖာဂူဆန်ကသူ၏ ပထမဆုံးသော ခေါင်းတိုက်ဂိုးဖြင့် အဲဗာတန်က နော့ဝှစ်ကို သုံးဂိုး–နှစ်ဂိုးဖြင့် ပွဲသိမ်းအနိုင်ရစေခဲ့သည်။

အက်စ်တွန်ဗီလာက ဖူဟမ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ကာ ၁၄မှတ် ရရှိထားသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းက ဝက်စ်ဘရွန်းဗ်စ်အသင်းကို သုံးဂိုး–ဂိုးမရှိ ဖြင့်နိုင်ကာ ဇယားအောက်ဆုံးမှ တက်ခွင့်ရသွားသည်။

လီဗာပူးအသင်းက ချာလ်တန်အသင်းကို နှစ်ဂိုး–ဂိုးမရှိနိုင်ကာ ၁၆မှတ်ဖြင့် ပဉ္စမနေရာကို ရောက်လာသည်။ **အမ်အင်အေ၊ ရိုက်တာ**

## ကမ္ဘာတစ်လွှား အားကစား

## အာဆင်နယ်အသင်း၏ ရှုံးပွဲမရှိ စံချိန် မန်ချက်စတာယူနိုက်တက်ရပ်တန့်လိုက်ပြီ

**အင်္ဂလန် အောက်တိုဘာ ၂၅**

မန်ချက်စတာယူနိုက်တက်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားရာ ပရီမီယာလိဂ်တွင် ၄၉ပွဲ ရှုံးပွဲမရှိ စံချိန်တင်ထားမှုကို မန်ချက်စတာယူနိုက်တက်အသင်းက နှစ်ဂိုး–ဂိုးမရှိနိုင်ကာ အာဆင်နယ်၏ရှုံးပွဲမရှိ စံချိန်ကို ရပ်တန့်ပေးလိုက်ပြီး မန်ယူက ပရီမီယာလိဂ်ဖလားကို ပြန်လည်ရယူရန် စိန်ခေါ်လိုက်သည်။

ပရီမီယာလိဂ်ထိပ်တန်းအသင်းနှစ်သင်းသည် ထိုနေ့က အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲပြီးရန် ၁၇မိနစ်အလိုတွင် မန်ယူတိုက်စစ်မှူး ရွန်နီကပယ်နယ်တီဧရိယာအတွင်း ဂိုးသွင်းယူရန်ကြိုးပမ်းစဉ် အာဆင်နယ်မှ ဆိုးကင်းဘဲလ်က ပြေးလမ်းကြောင်းပိတ်ဆို့မှုဖြစ်ကာ မန်ယူတို့ ပယ်နယ်တီတစ်ဂိုးကန်ခွင့်ရသွားသည်။ ယင်းပယ်နယ်တီကို နစ္စတယ်ရွိုင်းက ကန်သွင်းခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ၂၀၀၃ခုနှစ်ကလည်း အလားတူနောက်မှလိုက်ကာ အောင်မြင်မှု ရခဲ့ဖူးသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် လူးဝစ်ဆာဟာနှင့် အလန်စမစ်တို့ လူစားလဲခဲ့သည့် အချိန်ပိုသုံးမိနစ်တွင် ရွန်နီက မန်ယူအတွက် သူ၏ ၁၉နှစ်မြောက်မွေးနေ့အတွက် အမှတ်တရဂိုးအဖြစ် တစ်ဂိုးသွင်းပေးခဲ့ပြန်သည်။

ရွန်နီသည် ၂၀၀၂ခုနှစ်က အဲဗာတန်ကစားသမားအဖြစ် အာဆင်နယ်အား နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ရာတွင်လည်း ဒုက္ခပေးခဲ့သူဖြစ်သည်။

အာဆင်နယ်အသင်းသည် ၁၀ပွဲကစားပြီး ချယ်လ်ဆီးထက် နှစ်မှတ်အသာ ၂၅မှတ်ဖြင့် ဆက်လက်ဦးဆောင်နေသည်။ မန်ယူသည် ၁၀ပွဲကစားပြီး ၁၇မှတ် ရရှိထားသည်။

**အမ်အင်အေ၊ ရိုက်တာ**

## ဝါကျွတ်ခုနစ်ရက် တရားစခန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၅**

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်များနှင့်အညီ သမထ ဝိပဿနာ တရားတော်များကို ဒလမြို့နယ် အုံ့ကြီးအရှေ့ရပ်ကွက်ရှိ ဓမ္မရသ ရိပ်သာတွင် ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး ဦးသန်းရွှေ(ဒလ အုံ့ကြီး)ကအောက်တိုဘာ၂၇ရက် ညနေမှ နိုဝင်ဘာ၄ရက် နံနက် အထိ ဝါကျွတ်ခုနစ်ရက်တရားစခန်းကိုလည်းကောင်း၊ နိုဝင်ဘာ ၁ရက်မှ၇ရက်အထိ ညနေ၆နာရီမှ ၇နာရီခွဲအထိ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်း လုပ်သားပေါင်းစုံဓမ္မာရုံကြီးတွင် ဟောပြောမည်ဖြစ်ရာ မည်သူမဆိုလာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## (၂၂)ကြိမ်မြောက်ပဲနွယ်ကုန်းအထက အာစရိယပူဇော်ကန်တော့ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

ပဲနွယ်ကုန်းမြို့ အထကကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ၂၉ရက်(သောကြာနေ့) မွန်းလွဲ၁နာရီတွင် မြို့မသာသနာ့ဗိမာန် (ယခင်အထက ကျောင်းဟောင်းနေရာ)တွင် ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

## သီတဂူအာယုဒါနဆေးရုံတော်
### စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့
### ၂၀၀၄ ခုနှစ်-မျက်စိအထူးကုအစီအစဉ်
### ကြေညာချက် (၆/၂၀၀၄)

သီတဂူသာသနာပြုအဖွဲ့သည် ပြည်ပဆရာဝန်ကြီးများဖြင့် မျက်စိအထူးကုအစီအစဉ်ကို ဆောင်ရွက်လာခဲ့သည်မှာ (၁၂)နှစ်မြောက်ဖြစ်ပါသည်။ ယခု ၂၀၀၄ခုနှစ် နိုဝင်ဘာ ၃ရက်မှ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ အင်္ဂလန်၊ အမေရိကန်၊ မလေးရှား၊ စင်ကာပူ၊ ဘယ်လ်ဂျီယံနိုင်ငံများမှ အထူးကုဆရာဝန်ကြီးများအဖွဲ့ အဖွဲ့ပေါင်း ခုနစ်ဖွဲ့တို့သည် သုံးလနီးပါးခန့် သီတဂူအာယုဒါနဆေးရုံတော်သို့လာရောက်လုပ်အားဒါနပြုကြမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မျက်စိဝေဒနာရှင် ရဟန်း၊ ရှင်၊ လူ မည်သူမဆို လူမျိုးမရွေး ဘာသာမရွေး၊ လာရောက် ကြိုတင်စာရင်းပေးစမ်းသပ် စစ်ဆေးကုသမှု ခံယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကြိုတင်စမ်းသပ်စစ်ဆေး စာရင်းပေးသွင်းရမည့်ရက်- ၂၀၀၄ ခုနှစ်အောက်တိုဘာ ၂၄ရက်မှ နိုဝင်ဘာ၁ရက်အထိ၊

မှတ်ချက်။ ။ လူပုဂ္ဂိုလ်များ နံနက် ၈း၀၀ နာရီမှ ၁၁း၀၀နာရီအထိ၊
ရဟန်း၊ သာမဏေ၊ သီလရှင်များ မွန်းလွဲ ၁း၀၀နာရီမှ ညနေ ၄နာရီအထိ၊

အသေးစိတ်အစီအစဉ်ကို သီတဂူအာယုဒါနဆေးရုံတော်ကြော်ငြာသင်ပုန်းတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

**စီမံအုပ်ချုပ်ရေးအဖွဲ့**
**သီတဂူအာယုဒါနဆေးရုံတော်**
**စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။**




## မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် သီတင်းကျွတ်ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်တိုဘာ၃၁ရက် နံနက်၅နာရီခွဲတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**







## ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မ အဝီစိတွင်းတစ်တွင်းတူးဖော်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ ၁၄ ရက်ရှိချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ** ဦးစိုးမြင့် အမှတ်(၁)၊ အနော်မာလမ်းသစ် (၁)လမ်း၊ သာကေတမြို့နယ်။

**တူးဖော်မည့်နေရာ/ဦးပိုင်အမှတ်** ၁/က **အကွက်အမှတ်** ၁/အနော်မာ

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)။

**သာယာမည်**

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအား ဖြင့် သာယာမည်။














# လက်ပံတန်းမြို့တွင် စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

**လက်ပံတန်း အောက်တိုဘာ ၂၀**

လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၅ရက်က လယ်သမားကြီးဦးမြစိန်၏ စပါးခင်း၁၂ဧကတွင်ကျင်းပသည်။ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်နှင့် လက်ပံတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးမြင့်သန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမြင့်သိန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ငါးကောင်ရေ၆၀၀၀ကို မိုးစပါး စိုက်ခင်းများသို့ ငါးမျိုး စိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)**

လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် မြို့နယ်အတွင်းစပါးခင်း ၃၆၂ဧကတွင် ငါးကောင်ရေ တစ်သိန်းရှစ်သောင်းတစ်ထောင်ကို ငါးမျိုး စိုက်ထည့်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ထီးလင်း-ရေမျက်နီနှင့် ထီးလင်း-ကျောက်ထု

# ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေး ယောစင်တာမော်တော်ယာဉ်လိုင်းဖွင့်

ထီးလင်း စက်တင်ဘာ ၁၆

**ထီးလင်းမြို့နယ် ထီးလင်း-ရေမျက်နီနှင့် ထီးလင်း-ကျောက်ထု ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ယောစင်တာမော်တော်ယာဉ်လိုင်းဖွင့်ပွဲကို စက်တင်ဘာ၁၁ရက်က ထီးလင်းမြို့ မြို့မဈေးအနီးကားဂိတ်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် ထီးလင်းမြို့နယ်ဥက္ကဋ္ဌ ဦးအေးကြူတို့က အမှာစကားပြောကြားကြသည်။**

**ဖဲကြိုးဖြတ်ဖွင့်**

ထို့နောက် ယောစင်တာမော်တော်ယာဉ်ကားလိုင်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေ၊ မြို့နယ် ဥက္ကဋ္ဌဦးအေးကြူ၊ တောင်သားလူမျိုးစု ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ ဦးမတ်တုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

**ပုံမှန်ပြေးဆွဲ**

အဆိုပါ မော်တော်ယာဉ်ကားလိုင်းသည် ထီးလင်း-ရေမျက်နီ ခရီးစဉ် နှင့် ထီးလင်း-ကျောက်ထု ခရီးစဉ် တို့ကို နေ့စဉ်ပုံမှန်ပြေးဆွဲမည်ဖြစ်ပြီး ကားခနှုန်းထားမှာ ခရီးသည်တစ်ဦးလျှင် ထီးလင်း-ရေမျက်နီ ကျပ် ၇၀၀နှင့် ထီးလင်း-ကျောက်ထု ကျပ် ၁၀၀၀ဖြစ်ကြောင်းသိရသည်။ **(၂၇၃)**



# ဝတ်ရွတ်ပြိုင်ပွဲ ဆုရဝတ်အသင်းများ ဆုနှင်းပွဲကျင်းပ

ဆင်ဖြူကျွန်း အောက်တိုဘာ ၁၁

**ဆင်ဖြူကျွန်းမြို့တွင် ဝတ်ရွတ်ပြိုင်ပွဲဆုရဝတ်အသင်းများ ဆုနှင်းပွဲကို အောက်တိုဘာ ၁ရက် မွန်းလွဲ၁နာရီက မုနိမဟာရံသီဘုရားတန်ဆောင်း၌ ကျင်းပသည်။**

အခမ်းအနားတွင် ဩဝါဒါ စရိယ လယ်ပြင်စလေကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသထံမှ ငါးပါးသီလနှင့် ဩဝါဒကို ခံယူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ဝတ်ရွတ်ပြိုင်ပွဲ၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသား ပထမဆုရ ဘိုကုန်းရပ် သုတစာရ ပဋ္ဌာန်းဝတ်အသင်း၊ အမျိုးသမီး ပထမဆုရ ညောင်အင်းရွာဝတ်အသင်း၊တစ်ဦးချင်းရွတ်ဆိုမှု ဆုရအမျိုးသား၊ အမျိုးသမီး ဝတ်အသင်းများနှင့် အသင်းလိုက်ဆုရ ဝတ်အသင်းများအား ကော်မတီဝင်များက ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**
**(က-ပ)**

# အမြို့မြို့ အနယ်နယ် သတင်းများ





**သီပေါမြို့နယ် မန်ဟဲကျေးရွာ အုပ်စု နားခဲကျေးရွာတွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ဆင်းရွှေလီ အထူးအထွက်တိုး စပါးခင်းများကို ကျောက်မဲမြို့နယ် ကျေးရွာတောင်သူလယ်သမားများက စက်တင်ဘာ ၃၀ရက်က လေ့လာကြရာ လယ်သမားကြီး ဦးစိုင်းအောင်က အောင်မြင်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။**



# ကြီးကြပ်ဆောင်ရွက်

**ဇန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးကျော်သူသည် စက်တင်ဘာ ၂၂ ရက်က နန်းသီတာလမ်းဆုံ၌ မြေခင်းအလှ ပြုပြင်ခြင်းလုပ်ငန်း ကြီးကြပ်ဆောင်ရွက်စဉ်။**
(မြို့နယ်စည်ပင်)

**အောက်တိုဘာ ၂ရက်က ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီး အတွင်း ခြင်ဆေးဖျန်းလုပ်ငန်းဆောင်ရွက်မှုကို အင်ဂျင်နီယာမှူးဦးဇော်ထွန်းကြီးကြပ်ဆောင်ရွက်စဉ်။** (၁၅၈)

# ကျေးလက်လမ်း ကွင်းဆင်းတိုင်းတာ

**ဖားကန့် အောက်တိုဘာ ၁၄**

ဖားကန့်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပြ ကျေးလက်လမ်းများပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃ရက်က တာမခံကျေးရွာရှိ ရွာတွင်းလမ်းများ စနစ်တကျ ပြုပြင်နိုင်ရေးအတွက် အမှုဆောင် အရာရှိ ဦးကျော်ဇေယျနှင့် အင်ဂျင်နီယာတို့ကကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ကြသည်။
**(နယ်စပ်/စည်ပင်)**



**အောက်တိုဘာ ၁၀ရက်က စလင်းမြို့နယ်တွင် ကျေးလက်နေပြည်သူများသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အင်ကြင်းပင်လှအနောက်ရွာတွင် အောင်မြင်စွာတူးဖော်ပြီးစီးသော စက်ရေတွင်း ရေရှည်ကြံ့ခိုင်ရေးအတွက် အမှုဆောင် အရာရှိ ဦးစိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွန်းဦးတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြစဉ်။**
(မြို့နယ်စည်ပင်)



# ပေါင်မြို့ ဖလပ်ကျေးရွာတွင် ဗလငါးတန်စာကြည့်တိုက်ဖွင့်

**ပေါင် အောက်တိုဘာ ၂၁**

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြိုးပမ်းမှုဖြင့် ပြည်သူများအသိပညာဗဟုသုတတိုးပွားစေရေးအတွက် အောက်တိုဘာ ၁၇ ရက်က ဖလပ်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ဗလငါးတန်ကျေးလက်စာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် သုတစာပေ ၅၅ အုပ်နှင့် မဂ္ဂဇင်းမျိုးစုံအုပ် ၅၀ တို့ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူးက ပေးအပ်လှူဒါန်းရာ ကျေးရွာ ဥက္ကဋ္ဌဦးခင်မောင်ရီက လက်ခံရယူသည်။ အလားတူ အင်းပြောင်ကျေးရွာတွင် သုတရွှေအိုးစာကြည့်တိုက်နှင့် ဘန့်ဘွေးကုန်းကျေးရွာတွင် ဘဝရေ့ဆောင်စာကြည့်တိုက်များကို ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်ပြန်/ဆက်)**



# မြစ်ကြီးနားမြို့ လှပရေးမြေခင်းအလှပြုပြင်

**မြစ်ကြီးနား အောက်တိုဘာ ၁၀**

မြစ်ကြီးနားမြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ အောက်တိုဘာ ၃ရက်က မြေမြင့်ရပ်ကွက် ပြည်ထောင်စု လမ်းမကြီးရှိ လမ်းလယ်ကျွန်း ပန်းဘောင် အမှတ် ၄၉ မှ ၅၃ ပေါ်တွင် မြေခင်းအလှပြုပြင်ခြင်း၊ ဒေသထွက်ရာသီပန်းများ စိုက်ပျိုးခြင်းနှင့် လမ်းမကြီးပေါ်တွင် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးအေးဆွေ ကြီးကြပ်ဆောင်ရွက်သည်။ **(မြို့နယ်စည်ပင်)**



# သထုံမြို့ ပညာအလင်းရောင်စာကြည့်တိုက်ဖွင့်လှစ်

**သထုံ အောက်တိုဘာ ၁၀**

သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ပညာအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၂၈ရက်က ဒူးရင်းဆိပ်ကျေးရွာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကျော်လွင်နှင့်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးရဲညွှန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လှူဒါန်းသောစာအုပ်များနှင့် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော စာအုပ်များကို သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက စာကြည့်တိုက်တာဝန်ခံသို့ ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

# ကျေးလက်သတင်းနှင့် မြင်ကွင်း

**လားရှိုးမြို့နယ် မန်အိုင်ကျေးရွာတွင် ကျေးလက်သောက်သုံးရေ ရရှိရေးအတွက် ရေထွက်အားစမ်းသပ်မှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေတို့ စက်တင်ဘာ ၁၄ရက်က ကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)



**တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ပုဏ္ဏဝတီလမ်းအား စံပြလမ်းအဖြစ် မြေခင်းအလှပြုပြင်ရန် ပန်းအလှပင်များ အကွက်ချပုံဖော်စိုက်ပျိုးရန်နှင့် မြက်ခင်းများ စိုက်ပျိုးရန် ကပ်တုံးများ ပြုလုပ်ခြင်းကို အောက်တိုဘာ ၁၉ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးညိုဝင်းနှင့် လက်ထောက်အင်ဂျင်နီယာများ ကွင်းဆင်း ကြည့်ရှုကြစဉ်။** (မြို့နယ်စည်ပင်)



# မော်ကျွန်းမြို့နယ်တွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းဖွင့်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၃**

မော်လမြိုင်ကျွန်းမြို့နယ် မမွေးကျွန်းကျေးရွာအုပ်စု သရက်ချောင်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေး ဆေးပေးခန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ရက် နံနက် ၁၀နာရီက သရက်ချောင်းကျေးရွာ ဆေးပေးခန်းအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်၊ မြို့နယ်သူနာပြုအဆင့်(၁) ဦးဖုန်းကြိုင်နှင့် အလှူရှင် ဦးခင်မောင်ညွှန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် သရက်ချောင်းကျေးရွာ ဆေးပေးခန်း အဆောက်အအုံ၊ မမွေးကျွန်းမူလတန်းလွန်ကျောင်းတို့အား ကြည့်ရှုစစ်ဆေးပြီး အုန်းပင်စုကျေးရွာနှင့် ကျုံလမုကျေးရွာများသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကြသည်။ **(ဝ၉၇)**




## မြန်မာ့အသံ

**၂၇-၁၀-၂၀၀၄(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၀၉း၀၀ နဝဂ်ဥပေါသထသီလပေး
တရားတော်
(ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ)
၁၁း၁၅ စိုက်ပျိုးရေးရာပြန်ကြားလွှာ
၁၂း၀၀ မြန်မာမှုအထွေထွေ(ကနီဦးလှညွှန့်)
(မီးပူဇော်ပွဲဆင်နွှဲရာသီမြန်မာပြည်)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး
(အလုပ်ဆိုတာအင်အားပါ-
ဒေါက်တာမတင်ဝင်း)
-ခရီးသွားစကားဝိုင်း(ဧည့်လမ်းညွှန်ဝန်ဆောင်မှုအတတ်ပညာ)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ
(အဆို၊အက၊အရေး၊ အတီးစွမ်းရည်ပြ မြန်မာ့ရိုးရာ ထိန်းသိမ်းကြ-
ဒေါ်စောမုံညင်း)

**ညနေပိုင်း**

၁၇း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ
(အာလူးထမင်းချဉ်)
၁၇း၄၅ သူ့လက်သံလက်စွမ်းပြ
(ဘင်ဂျို ဦးမောင်မောင်၏ ဘင်ဂျိုလက်သံ)
၁၈း၁၅ သုခ၏ မင်္ဂလသုတ်အဖွင့်
(အပိုင်း-၁၇)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) စိတ်အားဖြည့်ဝဓမ္မပဒ-
အရှင်ဆန္ဒာဓိက
(ရွှေပါရမီတောရ)
(၂) သစ်ပင်ငယ်တစ်ပင်၏
ဖူးပွင့်ခြင်းနှင့် အခြားကဗျာများ
(မြသန်းလင်း)
၁၉း၁၅ ဇာတ်သဘင် (ဝဏ္ဏကျော်ထင်စိန်အောင်မင်းဇာတ်မှ ခန္ဓာပူရဇာတ်)
၂၀း၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး
(မင်္ဂလာစိန်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော မြတ်ထွဋ်၏ ပုဂံလမ်းမှပန်းဆက်သမားစီးရီး)



**ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခွန်တောင်းငယ်ကျေးရွာတွင် နှစ်လက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို စက်တင်ဘာ၂၉ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီတာဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

## ကြီးကြပ်

**မြိုင်မြို့နယ် တောင်စုံကျေးရွာတွင် နှစ်လက်မစက်ရေတွင်း တူးဖော်ပြီးစီး၍ စမ်းသပ် ရေမှုတ်မှုကို အမှုဆောင်အရာရှိ ဦး အောင် မင်းကြိုင်နှင့်တာဝန်ခံ အင်ဂျင် နီယာ ဦးအောင်မြင့်သန်းတို့ အောက်တိုဘာ ၁၀ရက်က သွားရောက် ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ်စည်ပင်)



# ငဖဲမြို့ ပဒါန်းမိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

**ငဖဲ အောက်တိုဘာ ၂၀**

မကွေးတိုင်း ငဖဲမြို့ ပဒါန်းမိုးကုတ် ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၂၆၅)၏ နှစ်စဉ်ကျင်းပသော ခုနစ်ရက်တရားစခန်းပွဲကို တန်ဆောင်မုန်းလဆန်း ၁ရက်မှ ၇ရက် (နိုဝင်ဘာ ၁၂ရက်မှ ၁၈ရက်)အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယဖြစ်သော ဘဒ္ဒန္တ တေဇိန္ဒ (B.Sc, Phy)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



**ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့်အဖွဲ့ အောက်တိုဘာ ၄ရက်က ဘုရင့်နောင်ဈေးအတွင်း စားသောက်ဖွယ်ရာများအား ကျန်းမာရေးနှင့် ညီညွတ်ရန် စနစ်တကျရောင်းချဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



**သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ရုံးဝန်ထမ်းများ စက်တင်ဘာ ၂၅ ရက်က ဈေးသူဈေးသားများနှင့်အတူ မြို့မဈေးကြီးအတွင်း ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ စုပေါင်း ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# ကျောက်ဖြူမြို့ သန့်ရှင်းသာယာရေး ပြည်သူများ စုပေါင်းဆောင်ရွက်

**ကျောက်ဖြူ အောက်တိုဘာ ၂၀**

ကျောက်ဖြူမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်း၍ အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်မှုကို အောက်တိုဘာ ၁၆ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မြင့်ဦးဆောင်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ကျောက်ဖြူမြို့ အဝင် အစိုးရရပ်ကွက်ရှိ နဒီသောင်ယံပန်းခြံအတွင်း ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။ (အောက်ပုံ) **(ခရိုင် ပြန်/ဆက်)**





# သနပ်ပင်မြို့နယ်၌ ကျေးလက်စာကြည့်တိုက်များဖွင့်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ရှင်းလင်း၊ စာအုပ်များလှူဒါန်း

သနပ်ပင် အောက်တိုဘာ ၁၅

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးလက်စာကြည့်တိုက်များ ဖွင့်ပွဲနှင့်စာအုပ်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ၁၅ရက်က သနပ်ပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည် **(အပေါ်ပုံ)**နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်ဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ဦးက စာကြည့်တိုက်များဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်က ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များအား ကျေးရွာအုပ်စုများကိုယ်စား တပ်ခနိမ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်ဦးသို့ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

## (၆၄)ကြိမ်မြောက်သွေးလှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာ့မီးရထား လုံခြုံရေး(၃)လူမှုထုံးချွန်ဆုရ ဦးကျော်စိန်(လုံခြုံရေးဌာနစိတ်၊ ထောက်ပံ့ဌာန) **(အပေါ်ပုံ)** သည် အောက်တိုဘာ၁၅ရက်က ဇဟိုအမျိုးသားသွေးလှူဘဏ်တွင် (၆၄) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**




**အောက်တိုဘာ ၁၀ ရက်က ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ရုံးရှေ့မျက်နှာစာတွင် မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



# မိုးနဲမြို့နယ် ဆွန့်မရမ်း ရွှေအိုးစာကြည့်တိုက်ဖွင့်လှစ်

မိုးနဲ အောက်တိုဘာ ၃

**မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ကွန်နားကျေးရွာအုပ်စု ဆွန့်မရမ်းရွာ ကိုယ့်အားကိုယ်ကိုး ရွှေအိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ရက်က မြွေတော်ကျောင်းတိုက် စာကြည့်ဆောင်တွင် ကျင်းပသည်။**

အခမ်းအနားတွင် ကွန်နားကျေးရွာအုပ်စု၊ ဆွန့်မရမ်းရွာကိုယ့်အားကိုယ်ကိုး ရွှေအိုးစာကြည့်တိုက်အား မြွေတော်ကျောင်းတိုက်ဆရာတော်ဦးနာလိန္ဒက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသည့် သုတ၊ ရသနှင့်အပျော်ဖတ်စာပေများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံပြကွက်များကို လေ့လာကြည့်ရှုကြသည်။ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်သာနှင့် ဝန်ထမ်းများက ရှမ်း/မြန်မာ နှစ်ဘာသာဖြင့် ရှင်းလင်းပြသသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သာက အနာဂတ်လူငယ်တို့၏ တာဝန်နှင့် ကျေးလက်စာကြည့်တိုက် ထူထောင်ရေးလုပ်ငန်းများကို ဟောပြောပြီး စာထောက်(၃) ဒေါ်နန်းရွှေကြည်က ရွှေအိုးစာကြည့်တိုက်အတွက် လှူဒါန်းသောစာအုပ်များကို ကျေးရွာ အတွင်းရေးမှူး ဦးထွန်းလှိုင်သို့ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

**ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံအရာရှိ ဦးတင်မိုးလှိုင်နှင့် အဝေးပြေးယာဉ်ရပ်နားစခန်း တာဝန်ခံဦးထွန်းကြိုင်ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ ယာဉ်၊ စက်၊ ယန္တရားများဖြင့် အောက်တိုဘာ ၉ရက်က အဝေးပြေးယာဉ်ရပ်နားစခန်းဝင်းအတွင်း ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



## ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပွဲ ကျင်းပရေးဦးစီးကော်မတီ ရွှေပန်းချီလုပ်ငန်း၊ ရွှေစင်ရွှေသားကပ်လှူရေး

# တင်ဒါ ကြော်ငြာ

၁။ ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေး၊ ရွှေပန်းချီလုပ်ငန်း၊ ရွှေစင်ရွှေသား ကပ်လှူရေး လုပ်ငန်းကို လုပ်ကိုင်လိုသူများထံမှ တင်ဒါများ အလိုရှိကြောင်း ကြော်ငြာပါသည်။

၂။ တင်ဒါပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တင်ဒါသွင်းလိုသူများသည် တင်ဒါပွဲကျင်းပသည့် နေ့ရက်မှာပင် တင်ဒါတင်သွင်းသွားရန်ဖြစ်ပါသည်။

**တင်ဒါပွဲအစီအစဉ်**

**တင်ဒါပွဲကျင်းပမည့်နေ့** – ၆-၁၁-၂၀၀၄(စနေနေ့)
**တင်ဒါပွဲကျင်းပမည့်အချိန်** – နံနက် (၁၀)နာရီ
**ကျင်းပမည့်နေရာ** – ဂေါပကအဖွဲ့ရုံး

၃။ တင်ဒါစည်းကမ်းနှင့် အခြားသိလိုသည့် အချက်အလက်များ သိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ကြိုတင်လာရောက်စုံစမ်းနိုင်ပါသည်။

**ရွှေသင်္ကန်းကပ်လှူပွဲ ကျင်းပရေးဦးစီးကော်မတီ၊ ပဲခူးမြို့။**
**ဖုန်း-၀၅၂-၂၁၀၆၈၊၂၄၂၅၅။**






**ROYAL**

## ဝါကျွတ်ပွဲတော်အထူးလျှော့ဈေး

# *Export Fashion*

အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ် Export Quality
အဝတ်အထည်အမျိုးမျိုးကို အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးပါမည်။
**Discount ကာလ- ၂၆-၁၀-၂၀၀၄ မှ ၁၄-၁၁-၂၀၀၄ ထိ**
**အမှတ် ၃၉၀၊ စက်မှု ၁လမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း- ၅၄၉၉၂၇။**

**စက်မှုလုပ်ငန်းရှင်များအတွက်**

အမျိုးအစားနှင့် အရည်အသွေးကောင်းမွန်သော တွင်ခုံ၊ ဖောက်စက်၊ ရွှေပေါ်စက်နှင့်အခြားစက်မှုလုပ်ငန်းသုံး စက်ပစ္စည်းအမျိုးမျိုး ရောင်းချပေးနေပါသည်။
**ဆက်သွယ်ရန်လိပ်စာ-**
အမှတ်(၁၂၄/ဘီ)ချင်းတွင်းလမ်း၊ တောင်ဒဂုံစက်မှုဇုန်(၃) ဖုန်း-၆၆၃၄၁၄။




**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် မလမ/၂၀၂၀၊ မလမ/၁၅၉၂၁၊ မလမ/၁၈၁၈၈ လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)။**

**ဖခင်အမည်မှန်**

အမှတ်(၁)အထက(မြိတ်)၊တက္ကသိုလ်ဝင်တန်း၌ ပညာသင်ကြားနေသော ကျွန်မ မနော်ကြာထွေး (မွေးသက္ကရာဇ် ၁၂-၁၂-၈၇) Grade 11, 1 B ၏ ဖခင်အမည်မှန်မှာ စောဗက်ဘစ် (ဦးဘက်ဘက်) ဖြစ်ပါကြောင်း။**မနော်ကြာထွေး။**

**မိဘအမည်မှန်**

အမက-၆၊ စမ်းချောင်း၊ ပထမတန်းမှ မောင်စောဘုန်းထွဋ်၏ မိဘအမည်မှန်မှာ ဦးသန်းထွန်းဦး-ဒေါ်အေးသန္တာအောင် ဖြစ်ပါကြောင်း။



## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား

# ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို အမေရိကန်ဒေါ်လာ (US Dollars)၊ ယူရို (Euro)ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ချိပ်ပိတ်တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| 1. | 12(T)26/MR(ML) 2004-2005 | Spare Parts for Indian YDM-4 Locomotives | (76-Items) |

**ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်** – ၂၂-၁၁-၂၀၀၄ (တနင်္လာနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၁-၁၀-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅၊ လိုင်းခွဲ- ၆၀၂၊၆၀၅၊၆၁၂။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား

# ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ (Kyats)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
တင်ဒါအမှတ်- ၅၀/မမ/ပြည်တွင်း/Petrol Generator (CE)
တင်ဒါအမှတ်- ၅၁/မမ/ပြည်တွင်း/တွဲအရန်(CME)

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | 5 KVA Petrol Generator | 27-Nos. |
| 2. | Coach & Wagon Spare Parts | 1-Lot. |

**ချိပ်ပိတ်တင်ဒါ ပိတ်ရက်နှင့်အချိန်** – ၉-၁၁-၂၀၀၄ (အင်္ဂါနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၅-၁၀-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၉၁၉၈၂၊၂၉၁၉၉၄၊ (၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊၆၁၃)**



# အဆို၊အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်များဆက်လက်ကျင်းပ အနုပညာကိုချစ်မြတ်နိုးသူများတစ်ခဲနက်အားပေး



ရန်ကုန် အောက်တိုဘာ ၂၅

မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို အနုပညာစွမ်းအားဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ၁၂ရက်မြောက်နေ့ ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ယနေ့ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင် အနုပညာရှင်များအနေဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲလျက်ရှိကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးသူများကလည်း ပြိုင်ပွဲများကျင်းပရာသို့ တစ်ခဲနက်လာရောက် နားသောတဆင် ကြည့်ရှုအားပေးကြသည်။

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌လည်းကောင်း၊ အရေးပြိုင်ပွဲ၏ သီချင်းဆိုပြိုင်ပွဲဝင်ခြင်းကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဓာတ်ရုံ၌လည်းကောင်း၊ အတီးပြိုင်ပွဲ၏ နှဲပြိုင်ပွဲကို စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌လည်းကောင်း၊ အိုးစည်အတီးပြိုင်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌လည်းကောင်း အသီးသီးကျင်းပကြသည်။

**ကြည့်ရှုအားပေး**

ယနေ့ကျင်းပသည့် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများသို့ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ *စာမျက်နှာ ၁၁ ကော်လံ ၁* ▼

## နိုင်ငံတကာမြင်ကွင်းကို တရုတ်နှင့်အိန္ဒိယ ပြောင်းလဲပုံဖော် ဝါရှင်တန်ပို့စ်သတင်းစာခေါင်းကြီးပိုင်း၌ ဖော်ပြထား

ဝါရှင်တန် အောက်တိုဘာ ၂၀

အိန္ဒိယသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် လာမည့်၁၀စုနှစ် အနည်းငယ်အတွင်း နိုင်ငံတကာမြင်ကွင်းကိုပြန်လည် ပြောင်းလဲ ပုံဖော်သွားလိမ့်မည်ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု အနေဖြင့် အဆိုပါ နိုင်ငံတကာမြင်ကွင်းပုံစံအသစ်ကို အသိအမှတ်ပြုသင့်ရုံမက လက်ခံကျင့်သုံးသွားသင့်ကြောင်း အမေရိကန် ထိပ်တန်းဆောင်းပါးရှင်တစ်ဦးဖြစ်သူ ပါရိဇာကာရီယာက ဝါရှင်တန်ပို့စ် သတင်းစာခေါင်းကြီးပိုင်းတွင် ရေးသားဖော်ပြထားသည်။

လွန်ခဲ့သည့်နှစ်ပေါင်း၅၀၀ကာလအတွင်း နိုင်ငံတကာအင်အား ချိန်ခွင်လျှာတွင် အကြီးအကျယ်ပြောင်းလဲမှုကြီးနှစ်ခု ပေါ်ပေါက်ခဲ့ပြီး ဖြစ်ကြောင်း၊ ပထမပြောင်းလဲမှုတစ်ခုမှာ အနောက် ဥရောပအုပ်စု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း၊ အနောက်ဥရောပသည် ၁၇ရာစုနှစ်နှောင်းပိုင်းတွင် အချမ်းသာဆုံးဖြစ်ခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင် အရှိန်အဟုန်ကောင်းစွာ ပြောင်းလဲတိုးတက်ခဲ့ပြီး နယ်ချဲ့ဝါဒီများ ဖြစ်လာခဲ့ကြောင်း၊ ဒုတိယပြောင်းလဲမှုတစ်ခုမှာ အမေရိကန်ပြည်ထောင်စု ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ကြောင်းဖြင့်လည်း အဆိုပါ သတင်းစာခေါင်းကြီးတွင် ဖော်ပြထားသည်။

*စာမျက်နှာ ၉ ကော်လံ ၅* ❐

## သမဝါယမ ဒေသထွက်ကုန်အရောင်းပွဲတော်

**သတင်းဆောင်းပါး – အထက်မင်းလှညွန့်အောင်**

ရန်ကုန် အောက်တိုဘာ ၂၅

(က) သမဝါယမအခြေခံမှုဖြစ်သည့် သမဝါယမအသင်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်စည်ဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) ပြည်နယ်၊ တိုင်းများ၏ ဒေသထွက်ကုန်ပစ္စည်းများကို အရောင်းပွဲတော်များကတစ်ဆင့် ပုံမှန်ဈေးကွက်သို့ ဝင်ရောက်နိုင်စေရန်၊

(ဂ) ဒေသထွက်ကုန်ပစ္စည်းများ၊ ပုံမှန်ဈေးကွက်ရရှိခြင်းဖြင့် ပြည်နယ်၊ တိုင်းများ၏ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်

ဟူသော ရည်ရွယ်ချက်များဖြင့် သမဝါယမဒေသထွက်ကုန်အရောင်းပွဲတော်ကို သမဝါယမကူးသန်းရောင်းဝယ်ရေးဗဟိုဌာန(ဆရာစံပလာဇာ)၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့် ဗဟန်းမြို့နယ်တွင် အောက်တိုဘာ ၂၆ ရက် **(ယနေ့)** မှ နိုဝင်ဘာ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ■

## ကြည့်ရှုအားပေး

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ကမ္ဘောဇဓာတ်ရုံ၌ ကျင်းပသည့် ပညာရှင်အဆင့် အရေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ဦးမိုးခင်ကျော် ယှဉ်ပြိုင်မှု ကို ကြည့်ရှုအားပေးစဉ်။**

**ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)**

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

### ဘီစီငါးရာစုကရွှေခွက်

ဘူဂေးရီးယား ရှေးဟောင်းသုတေသန ပညာရှင်တစ်ဦးက လွန်ခဲ့သည့် ဘီစီငါးရာစုခန့်က ရွှေခွက်တစ်ခုကို ပြသနေစဉ်။ (အောက်ပုံ) အဆိုပါ ရှေးဟောင်းရွှေခွက်ကို ဘူဂေးရီးယားနိုင်ငံ ဆိုဖီယာပြည်နယ်အရှေ့ဘက်ရှိ ရှစ်ခါကျေးရွာအနီးတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သည့် ဘီစီငါးရာစုနှစ်ခန့်က ရှေးဟောင်းပစ္စည်းဖြစ်ကြောင်း ရှေးဟောင်း သုတေသနပညာရှင်များက ပြောကြားသည်။ (ဓာတ်ပုံ–အင်တာနက်)





### ရှားပါး ငါးမျိုးစိတ်

ဩစတြေးလျနိုင်ငံ အမျိုးသားပြတိုက်မှ သုတေသနပညာရှင်တစ်ဦးက ဆစ်ဒနီမြို့တွင် ရှားပါး ငါးမျိုးစိတ်ဝင် ငါးတစ်ကောင်ကို ပြသနေစဉ်။ (အပေါ်ပုံ) အဆိုပါ ရှားပါး ငါးမျိုးစိတ်ဝင် ငါးကလေးများကို ဂျပန်နှင့် ဩစတြေးလျနိုင်ငံများတွင်ရှိသော ပင်လယ်ပြင်ရေအောက် ကျောက်ဂူများတွင် နေထိုင်ကျက်စားလျက်ရှိကြောင်း ရှာဖွေတွေ့ရှိရပြီး ယခင်တွေ့ရှိခဲ့ဖူးသမျှ ငါးမျိုးစိတ်များနှင့်မတူဘဲ အသစ်ဖြစ်ကြောင်း သိရသည်။ (ဓာတ်ပုံ–အင်တာနက်)

## အဆင့်မြင့်တန်းပြိုင်ပွဲ သစ်တောရေးရာဦးဆောင် တိုက်ဂါးဖလားပြိုင်ပွဲပြီးမှ ပြန်လည်ကျင်းပမည်

**သတင်းဆောင်းပါး – ကိုထွေး**

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှစတင်၍ ကျင်းပခဲ့ရာ အောက်တိုဘာ ၁၇ ရက် ပွဲစဉ်များအပြီးတွင် ခေတ္တရပ်နားထားသည်။ တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှ အားကစားသမားများကို ၎င်းတို့၏မိခင်ကလပ်အသင်းများ၌ ပါဝင်ကစားခွင့်မပြုသောကြောင့် အသင်းအုပ်ချုပ်သူများအားလုံး၏ သဘောတူညီချက်အရ ပွဲစဉ်များကို ရပ်နားထားခြင်းဖြစ်သည်။

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ရပ်နားထားစဉ်ကာလအတွင်း အဆင့်မြင့်တန်းအသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်သော စတုတ္ထအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို အစားထိုးကျင်းပလျက်ရှိသည်။ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို တိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲ ပြီးဆုံးမှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။

**ရပ်တည်မှုအနေအထား**

အောက်တိုဘာ ၁၇ရက်ပွဲစဉ်များအပြီး အသင်းများ၏ ရပ်တည်မှုအနေအထားကိုကြည့်ပါက *စာမျက်နှာ ၁၃ ကော်လံ ၂* ●

## ခေါင်းကြီး၊ ဆောင်းပါးနှင့် သတင်းအညွှန်း

▲ “စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတော်၏အနာဂတ်အရေး၊ ပြည်သူများ၏ ရေရှည်အကျိုးကို မျှော်တွေးပြီး နိုင်ငံတော်က ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စီးပွားရေးလုပ်ငန်းများကို စိတ်အေးချမ်းသာစွာဖြင့် ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်” ခေါင်းကြီး(စာ–၂)

■ “အဘိဓမ္မာတရားကို အသံမစဲဝါတွင်းသုံးလ ကာလပတ်လုံး ဟောကြားတော်မူရာ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာများ ကြွရောက်တရားနာယူခဲ့ပြီး အဘိဓမ္မာခုနစ်ကျမ်းတွင် နောက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းတော်ကြီး ပြီးဆုံးသွားသောအခါ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား သောတာပန်တည်၍ ကုဋေရှစ်ဆယ်သော နတ်ဗြဟ္မာများ တရားထူးရကြကြောင်း ဓမ္မပဒအဋ္ဌကထာ၌ ဆို”

ထွန်းထွန်းဦး(ကမ္ဘောဇရိပ်သာ)၏ ဆောင်းပါး(စာ–၁၀)

အောက်တိုဘာ ၂၄ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၀၅ ဦးရှိသွားပြီ — နိုင်ငံတကာသတင်း(စာ–၄)